မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၀၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

စတုတ္ထအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

စတုတ္ထအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ အောင်မင်္ဂလာ ယာဉ်ရပ်နားစခန်း၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလှနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းတို့က ပြပွဲ၊ ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဧည့်သည်တော်များသည် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အဖွင့်အမှာစကားနှင့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလှက ဂုဏ်ပြုအမှာစကားပြောကြားကြပြီး အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပိုစတာပြိုင်ပွဲ၊ မူလတန်းအဆင့် သရုပ်ပြပန်းချီပြိုင်ပွဲ၊ အလွတ်တန်းအဆင့်ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကာ ပညာပေးပြခန်းများခင်းကျင်းပြသသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အခမ်းအနားပြင်ဆင်ရေး အထောက်အကူပြု အလှူရှင်များနှင့် အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဧည့်သည်တော်များ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးပြခန်းများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

တိမ်အသင့်အတင့်
၈-၁-၂၀၁၂

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

ရုရှား၏ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် မကြာမီ မြေပြင်သို့ကျဆင်းမည်

မော်စကို ဇန်နဝါရီ ၇

ရုရှားနိုင်ငံမှ အာကာသသို့လွှတ်တင်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ဖိုဘော့စ်-ဂရန့်သည် ဇန်နဝါရီ ၁၀ ရက်နှင့် ရက် ၂၀ အကြားသို့မဟုတ် ဇန်နဝါရီ ၁၅ ရက်၌ မြေပြင်သို့ ပြန်လည်ကျဆင်းမည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီမှ ဇန်နဝါရီ ၇ ရက်၌ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

အစိတ်စိတ်ကွဲထွက်

အဆိုပါ အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် မြေပြင်သို့ကျဆင်းသည့်အခါ ကိုယ်ထည်အစိတ်အပိုင်း ၂၀ မှ ၃၀ အထိ အစိတ်စိတ်ကွဲထွက်သွားမည်ဖြစ်ကြောင်း၊ ယင်းအစိတ်အပိုင်းများသည် အလေးချိန် ကီလိုဂရမ် ၂၀၀ မကျော်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါ ဂြိုဟ်လေ့လာရေးယာဉ် ဖိုဘော့စ်-ဂရန့်၏ အခြားအစိတ်အပိုင်းများမှာ ကမ္ဘာ့အပေါ်ယံလေထုလွှာအတွင်း မီးလောင်ပျက်စီးသွားမည်ဖြစ်သည်။ ထိုသို့ မြေပြင်သို့ကျဆင်းလာမည့် ဖိုဘော့စ်-ဂရန့်၏ အစိတ်အပိုင်းများတွင် ရေဒီယိုသတ္တိကြွမှုများ မဖြစ်ပေါ်နိုင်ကြောင်း အဆိုပါအာကာသအေဂျင်စီက ပြောကြားသည်။

လွှတ်တင်

ဖိုဘော့စ်-ဂရန့် အမျိုးအစားအာကာသယာဉ်ဖြင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက တရုတ်နိုင်ငံ၏ ယန်ဟို-၁ဂြိုဟ်တုကို လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့သဖြင့် ယင်းအာကာသယာဉ်အမျိုးအစားကို နောက်ထပ်အသုံးပြုတော့မည်မဟုတ်ကြောင်း ၎င်းအေဂျင်စီက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**



ရုရှား အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် ဖိုဘော့စ်-ဂရန့်အား မြင်တွေ့ရစဉ်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဖောက်စ်ဝက်ဂွန်ကားများ စီးရေ ငါးသန်းကျော် ရောင်းချနိုင် စာ-၄

ဟောလီဝုဒ်မင်းသမီး ဒေမီမိုး ရုပ်ရှင်ပြန်ရိုက်မည် စာ-၅

၂၀၁၁ ခုနှစ် ကမ္ဘာ့အကောင်းဆုံး နည်းပြအဖြစ် ဂွါဒီယိုလာ၊ ကွင်းလယ်ကစားသမား ဇာဗီနှင့် ဂိုးသမား ကာစီးလက်စ်တို့ ရွေးချယ်ခံရ စာ-၆

8-1 (01).pmd 1 1/8/2012, 2:17 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက်)

လက်ဆင့်ကမ်းအမွေ ပေးစို့လေ

လောက၌ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဟူ၍ရှိ၏။ ထိုဆရာအပေါင်းတို့သည် ပညာရှာလောကသား အပေါင်းတို့အား အသိပညာ၊ အတတ်ပညာများ အမွေပေးနေကြသူများပင်ဖြစ်၏။ မိဘက သားသမီးများအား အမွေပေးကြသကဲ့သို့ ဆရာအပေါင်းတို့သည်လည်း တပည့်အပေါင်းတို့ကို ပညာအမွေပေးနေကြ၏။ အမွေပေးသူက အမွေပေးနေသော်လည်း ခံယူသူက ခံယူတတ်ရန်သာလို၏။

ဆရာအပေါင်းတို့သည် တစ်ချိန်က တပည့်များဖြစ်ကြသည်။ ဆရာများ၏ သင်ကြားမှုကို စနစ်တကျ ခံယူ၊ ပညာရပ်အလီလီ၊ ကျမ်းအသွယ်သွယ်တို့ကို ဆည်းပူးဖတ်မှတ် လေ့လာပြီးနောက် ဆရာများဖြစ်လာကြခြင်းဖြစ်သည်။ လောက၌ ဆရာအမျိုးမျိုးရှိ၏။ ကျောင်း၌သင်သော ဆရာသာလျှင် ဆရာခေါ်ခြင်း မဟုတ်။ အတတ်ပညာ၊ အသိပညာတစ်ခုခုကို ကျွမ်းကျင်တတ်မြောက်ပြီး သင်ကြားမှုပြုသူ မှန်သမျှသည် ဆရာများပင်ဖြစ်၏။ ထိုဆရာအပေါင်းတို့သည် လက်ဆင့်ကမ်းပညာအမွေ ပေးနိုင်သူများပင်ဖြစ်၏။

ဆရာ၊ ဆရာမအပေါင်းတို့သည် ကျောင်းသင်ခန်းစာများကို တပည့်တို့အား ပညာအမွေပေးကြ၏။ အင်ဂျင်နီယာအတတ်ပညာရှင်များသည် တွက်ချက်တိုင်းတာမှုအတတ်ပညာများကို အမွေပေးကြ၏။ သမားတော်များသည် ကုထုံးအတတ်ပညာများကို အမွေပေးကြ၏။ ကွန်ပျူတာပညာရှင်များသည် အိုင်တီနည်းပညာများကို အမွေပေးကြ၏။ မော်တော်ကားစက်ပြင်ဆရာများသည် စက်ပြင်သည့် အတတ်ပညာများကို အမွေပေးကြ၏။ ဝိဇ္ဇာသိပ္ပံအတတ်ပညာရှင်များသည် ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များကို အမွေပေးကြ၏။ ဤကား လက်ဆင့်ကမ်း အမွေပေးခြင်းပေတည်း။

တစ်ခါက ဈေးတစ်ဈေး၌ မျက်လှည့်ဆရာတစ်ဦးသည် တပည့်ဖြစ်သူအား မျက်လှည့်အတတ်ပညာများကို သင်ပေးရင်း ဈေးသွားဈေးလာများအား မျက်လှည့်ပြသနေသည်ကို တွေ့ခဲ့ဖူးသည်။ ထိုမျက်လှည့်ဆရာက ''ကျွန်တော်သေသွားရင် ကျွန်တော့်ပညာတွေမြေကြီးထဲရောက်သွားမှာ။ အဲဒီတော့ ကျွန်တော့်ပညာတွေကို မြေကြီးထဲတော့အရောက်မခံဘူး။ ကျွန်တော် အနှစ်နှစ်အလလက သင်ယူတတ်မြောက်ထားတဲ့ မျက်လှည့်အတတ်ပညာကို ယနေ့မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းအမွေပေးခဲ့ခြင်းဖြစ်ပါတယ်''ဟု ပရိသတ်အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာပြောဆိုနေသည်ကို မှတ်သားခဲ့ရသည်။

မှန်ပေ၏။ မိမိတတ်မြောက်ခဲ့သော အတတ်ပညာများကို မျိုးဆက်သစ်တို့အား ဖြန့်ဝေသင်ကြားပေးခဲ့ခြင်းမရှိလျှင် ထိုအတတ်ပညာများသည်ကွယ်ပျောက်သွားနိုင်၏။ ရှေးအခါက နက္ခတ္တဗေဒပညာရှင်များသည် ညအခါ ကြယ်တာရာနက္ခတ်တို့ကိုကြည့်ပြီး ဖြစ်လတ္တံ့ အကြောင်းခြင်းရာများကို တွက်ချက် ပြောဟောနိုင်ကြသည်ဟု ကြားဖူးသည်။ ယခုမူ ထိုအတတ်ပညာများ တတ်သိသူမရှိသလောက် နည်းပါးကုန်၏။ ဤသည်မှာ ပညာလက်ဆင့်ကမ်းအမွေပေးနေမှု အားနည်းခဲ့ရခြင်းကြောင့်ပင်ဖြစ်၏။

ပညာရပ်ဆိုသည်မှာ တစ်ခုသိလျှင် တစ်ခုပြန်သင်ပေးနိုင်ရမည်။ နှစ်ခုသိလျှင် နှစ်ခုပြန်သင်ပေးရမည်။ သုံးခုသိလျှင် သုံးခုပြန်သင်ပေးရမည်။ သို့မှသာ လက်ဆင့်ကမ်းပညာ အမွေပေးမှုသည် ထိရောက်အောင်မြင်ပေလိမ့်မည်။

တတ်သိထားအပ်သောပညာရပ်မှန်သမျှ ယနေ့လူငယ်များ သင်ကြားရယူထားထိုက်ပေသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်စကားအတိုင်း နောင်တစ်ခေတ်တွင် လူငယ်တို့က လူကြီးနေရာ ဦးဆောင်ကြရမည်ဖြစ်သည်။ တိုင်းပြည်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါများပါမှ ခေတ်မီတိုးတက်သည့်နိုင်ငံ တည်ဆောက်ရာ၌ အထောက်အကူဖြစ်စေပေလိမ့်မည်။

သို့ဖြစ်ရာ အများအတွက် အကျိုးဖြစ်ထွန်းစေမည့် မည်သည့်အတတ်ပညာရပ်များကိုမဆို ဆရာဟုမည်သော အသိပညာရှင်၊ အတတ်ပညာရှင်အပေါင်းတို့က မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းအမွေများ ပေးကြရပေလိမ့်မည်။ ထို့အတူ မျိုးဆက်သစ်လူငယ်များကလည်း ခံယူထိုက်သည့်ပညာအမွေများကို အခြေအနေပေးသည်နှင့်အမျှ လက်ဆင့်ကမ်းရယူထားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၇

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက် အထက(၁) ဘောလုံးကွင်းနှင့် ရှမ်းစုရပ်ကွက်၊ လောဓမ္မရပ်ကွက်၊ ဒေါ်တမရပ်ကွက် စသည့်ရပ်ကွက်များ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး ဆုများချီးမြှင့်ကြသည်။

အလားတူ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့ပတ်အပြေးပြိုင်ပွဲကို နံနက် ၆ နာရီက လွိုင်ကော်မြို့ နာရီစင်ရှေ့စုရပ်၌ ကျင်းပတာလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့၌ ကတ္တရာလမ်းဖွင့်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ (၅)လမ်းမကြီးအပိုင်း (၁/၂) ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၇နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာမှူး ဦးအောင်စိုးက ဒေသဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၅)လမ်း ကတ္တရာလမ်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးအောင်စိုးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံ

အဆိုပါ (၅)လမ်းမကြီးအပိုင်း (၁/၂)ကတ္တရာလမ်းမှာ အလျားအရှည်ပေ ၈၄၀၊ အကျယ်ပေ၂၀ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်သိန်း ၁၂၁ သိန်းကျော် အကုန်အကျခံ ခင်းပေးသောလမ်းဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့အခမ်းအနား သရက်ချောင်း၌ ကျင်းပ

သရက်ချောင်း ဇန်နဝါရီ ၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့ မြို့မရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်ဝင်းအတွင်း၌ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄နာရီ မိနစ်၂၀ က ကျင်းပရာအခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး သင်ထောက်ကူပစ္စည်းများပေးအပ်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ကျင်းပသော တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် သင်ကြားမှုအထောက်အကူပြု စာအုပ်နှင့်ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ထန်းတပင်မြို့နယ် ဘောလည်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲခန်းမ၌ ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။ (ဓါတ်ပုံ)

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က အမှာစကားပြောကြားသည်။ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက ကျောင်းသား ကျောင်းသူများအား သင်ကြားရေးအထောက်အကူပြု စာအုပ်နှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၈)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကွတ်ခိုင်မြို့နယ်၌ကျင်းပ

ကွတ်ခိုင် ဇန်နဝါရီ ၇

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရပ်ကွက်(၂)မြို့ပတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က အဆိုပါ လမ်းထိပ်မုခ်ဦးရှေ့၌ကျင်းပရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ကွတ်ခိုင်မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြတ်သိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်(၂၂၀၀×၁၂) ပေရှိပြီး ရန်ပုံငွေကျပ် ၁၅၂၈၈၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်းမှာ ရပ်ကွက်(၂)နှင့် ရပ်ကွက်(၃/၄)သို့ ဆက်သွယ်သောလမ်းဖြစ်ပြီး ရပ်ကွက်နေပြည်သူများအား သွားလာရေးလွယ်ကူချောမွေ့စေရန်အကျိုးပြုသော လမ်းဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အထူးအထွက်တိုးစပ်မျိုးစပါး မျိုးစေ့ချပညာပေးလုပ်ငန်း လက်တွေ့ပြသပွဲကျင်းပ

ကန်ကြီးထောင့် ဇန်နဝါရီ ၇

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အပင်နှစ်ဆယ်ကျေးရွာ တောင်သူဦးဇော်နိုင်ဦး၏ လယ်မြေတွင် ဇန်နဝါရီ ၁ ရက်မွန်းလွဲ ၁ နာရီက အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧကစာ မျိုးစေ့ချခြင်း ပညာပေးလုပ်ငန်းလက်တွေ့ပြသပွဲ ကျင်းပသည်။

မျိုးစေ့ချပွဲတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကြည်သိန်းက အထူးအထွက်တိုးပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးထွက်ရှိမှုနှင့် စပ်လျဉ်း၍ လက်တွေ့ပြသ ပညာပေးရှင်းလင်းသည်။ အခမ်းအနားသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယတိုင်းဒေသကြီး မန်နေဂျာဦးလှဝေ၊ ခရိုင်မန်နေဂျာ ဦးစိုင်းကြာအုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်စိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မြို့မဈေး မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်

အိမ်မဲ ဇန်နဝါရီ ၇

အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင် မြို့မဈေးတွင် ဒီဇင်ဘာ ၂၇ ရက်က မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ၊ မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှဝန်ထမ်းများ သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးဘေးကာကွယ်ရေးပစ္စည်းများ၊ မီးသတ်ရေလှောင်ကန်များ၊ မီးသတ်စက်များကြံ့ခိုင်မှုအခြေအနေများ စစ်ဆေးခြင်းတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်း၊ အမှုဆောင်အရာရှိ ဦးကျော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်စိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဇော်နှင့် ဈေးမိဈေးဖတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်
မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုကို သုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ (မီးသတ်ဦးစီးဌာန)

မီးဘေးသင့် မိသားစုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးသင့်မိသားစုဝင်များထံသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ သဃ်န်းကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းနှင့်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက သွားရောက်၍အားပေးစကားပြောကြားပြီး ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးကာ ဆန် ၇၃ အိတ်၊ ဆီ ၂၆ ပိသာ၊ စားသောက်ကုန်များနှင့်အဝတ်အထည် ၃၃၃ထုပ်နှင့် ငွေကျပ် ၄၄၀၀၀၀တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၂၅)

အဆင့်မြင့်ပညာသင်ကြားလိုသူများ ဒီပလိုမာသင်တန်း၌ အဆင့်မီအောင် ကြိုးစားသင်ယူ ဆရာ ဆရာမများက ကျောင်းသားများ၏အရည်အချင်းကို စဉ်ဆက်မပြတ်အကဲဖြတ်

နေပြည်တော် ဇန်နဝါရီ ၇

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်ကို ကဏ္ဍအလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာတွင် လစဉ်ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စာရင်းများတင်ပြရာ၌ မှန်မှန်ကန်ကန်ဖြစ်စေရန် အထူးလိုအပ်ကြောင်း၊ သမဝါယမကောလိပ်များမှ နှစ်နှစ်သင်တန်းဖြင့် ဒီပလိုမာလက်မှတ်ချီးမြှင့်ပေးလိုက်သည့် ကျောင်းသား ကျောင်းသူများအား လုပ်ငန်းခွင်အတွင်း ဝင်ရောက်လိုပါက သမဝါယမအသင်းများတွင်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းနှင့် ကုမ္ပဏီများနှင့်လည်းကောင်း ဆက်သွယ်ပြီး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မွေးမြူရေး၊ သစ်တော၊ စိုက်ပျိုးရေး စသည့်ကျောင်းများ၌ ဖွင့်လှစ်မည့် Conco ဆိုင်များတွင် ခန့်ထားနိုင်ကြောင်း၊ သမဝါယမ ပညာသင်ကြားရေးအထောက်အကူပြု ဖောင်ဒေးရှင်းထူထောင်၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တက်ရောက်နေသည့် သမဝါယမကောလိပ်ငါးခုမှ ပထမနှစ် သင်တန်းသားများ အခမဲ့ပညာသင်ကြားနိုင်ရန်အတွက် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆင့်မြင့်ပညာ သင်ကြားလိုသူများသည် ဒီပလိုမာတန်းတွင် အဆင့်မီအောင် ကြိုးစားသင်ယူရန်ဖြစ်၍ ကျောင်းသား ကျောင်းသူများ၏အရည်အချင်းကို ဆရာ ဆရာမများက စဉ်ဆက်မပြတ် စိစစ်အကဲဖြတ်ရန် လိုအပ်ကြောင်း၊ ငါးမွေးမြူရေး၊ နို့စားနွားမွေးမြူရေး၊ ကြက်မွေးမြူရေးများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် အသင်းများ၊ GEC သမဝါယမအသင်းများနှင့်ဆက်စပ်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ယမန်နေ့နံနက် ၁၀ နာရီတွင် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြု သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီအစည်းအဝေး (၁/၂၀၁၂)တွင် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဆွေးနွေးပြောကြားသည်။

တက်ရောက်ခဲ့

ပြည်ထောင်စုဝန်ကြီးသည် မွန်းတည့် ၁၂ နာရီတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၌ကျင်းပသော မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီအစည်းအဝေး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖွင့်လှစ်ပေး

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ကျောက်တော်သကြားစက် (၂၀၁၁-၂၀၁၂)ခုနှစ် ကြံရာသီစက်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

လက်ခံယူ

ဇန်နဝါရီ ၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေကျပ် ၅၂၆၀၀၀၀ကို မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့က လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးကျော်စိုးတို့ လက်ခံယူစဉ်။

(မြန်မာ့အလင်း)

ရခိုင်ပြည်နယ်၌ အဆင့်မြင့်လယ်ယာဆောင်ရွက်ရေး ပြည်နယ်ဝန်ကြီးချုပ် တောင်သူလယ်သမားများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၇

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်သိန်း၊ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြအောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဇန်နဝါရီ ၅ ရက်နံနက် ၁၁ နာရီက ကျောက်တော်မြို့နယ် ဒေါင်းတော်ယိုးစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ရုံးခန်း၌ အဆင့်မြင့်လယ်ယာ ဧက ၅၀၀ ဆောင်ရွက်ရေးနှင့်ပတ်သက်၍ အသင်းဝင်တောင်သူလယ်သမားများနှင့်တွေ့ဆုံပြီး တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောက်တော်သကြားစက် (၂၀၁၁-၂၀၁၂)ခုနှစ် ကြံရာသီ စက်ဖွင့်ပွဲသို့တက်ရောက်၍ ကြံသယ်မြောင်းအတွင်းသို့ ကြံများထည့်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကြံစိုက်တောင်သူများနှင့်တွေ့ဆုံပြီး ကြံစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးကောင်းကြံများ ရွေးချယ်စိုက်ပျိုးရေး၊ ကြံစိုက်ကေတိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၈-၁-၂၀၁၂ (တနင်္ဂနွေနေ့)
(၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ အကပြိုင်ပွဲ
- ၈း၂၀ ၈။ **လေတာဘိုင်များ တည်ဆောက်ခြင်း**
- ၈း၃၅ ၉။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၀။ **International News**
- ၈း၄၅ ၁၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ရျောင်ဝွန်း** (အပိုင်း-၃၉)
- ၁၂း၃၀ ၅။ မြန်မာရုပ်ရှင် **ချစ်ချစ် ချစ်တဲ့ကိုကို** လွင်မိုး၊သုမောင်၊ထက်ထက်မိုးဦး (ဒါရိုက်တာ-ကြီးမြင့်)
- ၁၄း၃၅ ၆။ အတီးပြိုင်ပွဲ
- ၁၄း၅၀ ၇။ **International News**

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ **ဝါသီးက ရွှေသီးဖြစ်ပြီး**
- ၅း၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၂၆)
- ၆း၄၀ ၁၁။ တစ်မျက်နှာ၊တစ်ကွက်စာ ဤအရာကို အချစ်ဟုခေါ်သတဲ့လား (အပိုင်း-၁) (ရဲမာန်၊ကောင်းဆက်ထူး၊ပုလဲဝင်း) ဒါရိုက်တာ-မေတင် **(MMG)**
- ၇း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချို ကြင်နာပို**(အပိုင်း-၄)
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ဆိုင်ကလုန်းမုန်တိုင်း **သိမ်း** ဖြစ်စဉ်သုံးသပ်ချက်နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ မိုးလေဝသအခြေအနေ
- ၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၈၁)
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ဒဏ္ဍာရီ** (အပိုင်း-၄)

စာအုပ်စာပေ လှူမိတ်ဆွေ

အင်ဂျင်နီယာဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

အင်ဂျင်နီယာတက္ကသိုလ်များဖြစ်သော စက်မှုတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များမှ အင်ဂျင်နီယာ၊ ဗိသုကာ ကျောင်းသူ ကျောင်းသားဟောင်းများက တာဝန်ထမ်းဆောင်ပြီး ထမ်းဆောင်ဆဲ အသက် (၅၈) နှစ်နှင့်အထက် ဘာသာရပ်အသီးသီးမှ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့၌ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကိုလည်း ၄င်းနေ့ညနေပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း ပြည်ပမှ ဆရာကြီး ဆရာမကြီး ၃၀၀ ခန့် ကြွရောက်ကန်တော့ခံကြမည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးကော်မတီက ကြိုတင်အသိပေးနှိုးဆော်ထားကြောင်း သိရှိရသည်။ အလှူငွေ၊ အလှူပစ္စည်းများလှူဒါန်းလိုပါက ဦးဇော်မင်း ဖုန်း-၀၉-၅၀၂၂၃၄၉၊ ဦးလှဝင်း ဖုန်း-၀၉-၅၀၂၇၆၂၁၊ United Engineering Group of Companies ရတနာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၇၁၈၇၇၊ ၅၇၁၃၂၁၊ ၅၇၂၂၈၁၊ ၅၇၃၆၂၉၊ ဦးစိုးမြင့် Myan Shwe Pyi Tractors Ltd. သာကေတစက်မှုဇုန် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၇၃၀၅၊ ၀၉-၈၆၁၅၅၃၂ နှင့် ဦးမြင့်စိုး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံး ဖုန်း-၀၉-၅၁၄၁၃၂၂၊ ၀၁-၅၀၉၆၇၃-၆ လိုင်းခွဲ ၂၀၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တံခွန်စိုက်ဖလားအပ်နှံ

၂၀၁၁ ခုနှစ် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် အောင်ပွဲရ ကလေးခရိုင် ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က ကလေးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နေရဋ္ဌရာအစည်းအဝေးခန်းမ၌ကျင်းပရာ အောင်ပွဲရကလေးခရိုင် ဘောလုံးအသင်းက ခရိုင်အားကစားနှင့် ကာယပညာကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးထံ တံခွန်စိုက်ဖလားကို အပ်နှံစဉ်။

(ခရိုင် ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၏ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ (စတုတ္ထပတ်) လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပစဉ်။

(မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့ အခမ်းအနား ဆိပ်ကမ်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ဆိပ်ကမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။ အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများ၊ ပြည်သူများ စုစုပေါင်းအင်အား ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာသတင်းများ

ဘာလင် ဇန်နဝါရီ ၇

ဥရောပအကြီးဆုံးကားထုတ်လုပ်ရေး ဖောက်စ်ဝက်ဂွန်ကုမ္ပဏီက ၂၀၁၁ ခုနှစ်အတွင်း ကားရောင်းချနိုင်မှုကို ကြေညာလိုက်သည်။ **(အပေါ်ပုံ)**

ဂျာမနီကုမ္ပဏီဖောက်စ်ဝက်ဂွန်သည် ကမ္ဘာအနှံ့ကားစီးရေ ၅ ဒသမ ၁ သန်းကို ၂၀၁၁ ခုနှစ်အတွင်း စံချိန်တင် ရောင်းချနိုင်ခဲ့ကြောင်း၊ ယမန်နှစ်ကထက် ၁၃ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ထိုကုမ္ပဏီ၏ အကြီးဆုံးဈေးကွက်ရှိရာသည် ဥရောပနှင့် တရုတ်နိုင်ငံတို့တွင်ဖြစ်ပြီး ထိုဒေသနှစ်ခုမှ ဒေသတစ်ခုစီတွင် ကားစီးရေ ၁ ဒသမ ၇၂ သန်းကျော်ကို အသီးသီးရောင်းချနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ်အတွင်း ကုမ္ပဏီမှ အသစ်ထုတ်လုပ်သည့် ပါဆက်၊ ဂျက်ကာနှင့် ဘီတဲလ်စသည့် မော်ဒယ်သစ်ကားများ ဈေးကွက် ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ခြင်းမှာလည်း အထူးကဲဆုံးသော စီးပွားရေးခြေလှမ်းပင်ဖြစ်ကြောင်း ဖောက်စ်ဝက်ဂွန်ကုမ္ပဏီက ပြောကြားသည်။ ထိုမော်ဒယ်သစ်ကားများအတွက် ဈေးကွက်နေရာရရှိမှုနှင့်စပ်လျဉ်း၍ ယခုနှစ် ၂၀၁၂ ခုနှစ်အတွင်း ကုမ္ပဏီအနေဖြင့် ဆက်လက်ကြိုးပမ်းရဦးမည်ဖြစ်ကြောင်းလည်း ဖြည့်စွက်ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်ရှိ ဆလိုဗက်တပ်ဖွဲ့ဝင်အချို့ ၂၀၁၂ ခုနှစ်ကုန် ပြန်ခေါ်ဖွယ်ရှိ

ဘရာတစ်လာဗာ ဇန်နဝါရီ ၇

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးအဖွဲ့ဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးအကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ ပထမအသုတ်တပ်ဖွဲ့ဝင်များ ပြန်ခေါ်ရေး အစီအစဉ်တွင် ဆလိုဗက်တပ်ဖွဲ့ဝင်များ ပါဝင်ကောင်းပါဝင်မည်ဟု ဆလိုဗက်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၆ ရက်တွင် ကြေညာသည်။

ကာကွယ်ရေးဝန်ကြီးဌာနက ရေးဆွဲပြီး အခြားသောဝန်ကြီးဌာနသို့ ဝေဖန်ချက်ပေးရန် ဖြန့်ဝေထားသည့် အဆိုပြုချက်အရ ၂၀၁၂ ခုနှစ်ကုန်တွင် အာဖဂန်နစ္စတန်နိုင်ငံ တာရင်ကိုးတပ်စခန်းမှ ဆလိုဗက်တပ်ဖွဲ့ဝင် ၅၃ ဦး၊ ကန်ဒါဟာမှ ဆလိုဗက်တပ်ဖွဲ့ဝင် ၅၁ ဦး ပြန်လာကြရမည်ဟု မျှော်မှန်းထားသည်။ အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးရေးအတွက် ဆလိုဗက်သမ္မတနိုင်ငံက သင်တန်းဆရာများကို တိုးမြှင့်စေလွှတ်ထားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံမှ အကြမ်းဖက်ပုံးခွဲမှုများ အမေရိကန် ပြစ်တင်ရှုတ်ချ

ဝါရှင်တန် ဇန်နဝါရီ ၇

အီရတ်နိုင်ငံအတွင်း နောက်ဆုံးပုံးခွဲတိုက်ခိုက်မှုလုပ်ရပ်ကို အမေရိကန်နိုင်ငံက ဇန်နဝါရီ ၆ ရက်တွင် ပြစ်တင်ရှုတ်ချလိုက်ပြီး အကြမ်းဖက်သူများသည် သမိုင်းဘီးကို နောက်ပြန်လှည့်လိုသူများသာဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မိမိတို့သည် ယင်းလုပ်ရပ်များကို ပြစ်တင်ရှုတ်ချပြီး အကြမ်းဖက်လုပ်ရပ်ဟု ဆုံးဖြတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူ ဗစ်တိုးရီးယားနူမန်က ပြောကြားသည်။ အီရတ်နိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၅ ရက်က ပုံးခွဲတိုက်ခိုက်အကြမ်းဖက်မှုများကြောင့် လူ ၆၀ သေဆုံးပြီး ၁၃၈ ဦး ဒဏ်ရာ ရရှိခဲ့သည်။ အီရတ်နိုင်ငံရေးသမားများအနေဖြင့် အချင်းချင်း တွေ့ဆုံညှိနှိုင်းအဖြေရှာကြရန် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျိမ်းဂျက်ဖရီက တိုက်တွန်းလိုက်သည်။ **(အင်တာနက်)**

ပင်လယ်ဓားပြများ ဖမ်းဆီးထားသည့် အီရန်နိုင်ငံသားများ လွတ်မြောက်

ဝါရှင်တန် ဇန်နဝါရီ ၇

ကာရေဘီယံပင်လယ်တွင် ဆိုမာလီပင်လယ်ဓားပြများ ဖမ်းဆီးထားသည့် အီရန်နိုင်ငံသား ၁၃ ဦးကို အမေရိကန်ရေတပ်က ကယ်ဆယ်ကာ စစ်လေယာဉ်တစ်စင်းဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း အမေရိကန်စစ်ဘက် တာဝန်ရှိသူများက ဇန်နဝါရီ ၇ ရက်၌ ပြောကြားသည်။

ရက်ပေါင်း ၄၀ ကျော်ကြာ ဆိုမာလီပင်လယ်ဓားပြများလက်၌ ဖမ်းဆီးခံထားရသည့် အယ်မိုလာရီအမည်ရှိ အီရန်ရေယာဉ်မှ သတင်းပေးပို့ချက်တစ်ရပ် လက်ခံရရှိပြီးနောက် အမေရိကန်ရေတပ်မှ သွားရောက်တိုက်ခိုက်ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ရေတပ်စစ်ရဟတ်ယာဉ်တစ်စင်းက ဆိုမာလီပင်လယ်ဓားပြများ၏ ပင်မသင်္ဘောကို တိုက်ခိုက်ပြီးနောက် သင်္ဘောပေါ်ရှိ ပင်လယ်ဓားပြ ၁၅ ဦးအား ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အမေရိကန်ရေတပ်က အီရန်ရေယာဉ်နှင့် အီရန်နိုင်ငံသား ၁၃ ဦးအား စားနပ်ရိက္ခာ၊ ရေနှင့် ဆေးဝါးများဖြည့်ဆည်းပေးပြီး နေရပ်သို့ ပြန်လည်ပို့ပေးခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)** **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ဂျပန်၌ နှစ် ၄၀ ကျော်သက်တမ်းကြာ ဓာတ်ပေါင်းဖိုများ သုံးစွဲမှုပိတ်မည်

တိုကျို ဇန်နဝါရီ ၇

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ဆူနာမီဒဏ် ကြုံတွေ့ခဲ့ရပြီးနောက် နျူကလီးယားပြဿနာ ပေါ်ပေါက်ခဲ့သဖြင့် နှစ်ပေါင်း ၄၀ ကျော်ကြာ အသုံးပြုခဲ့သည့် နျူကလီးယားဓာတ်ပေါင်းဖိုများကို ဆက်လက်အသုံးမပြုဘဲပိတ်ပစ်တော့မည်ဖြစ်ကြောင်း ဂျပန်အရာရှိများက ဇန်နဝါရီ ၇ ရက်၌ ပြောကြားသည်။

တည်ဆောက်ခဲ့

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဖူကူရှီးမားဒိုင်အီချိ နျူကလီးယားဓာတ်အားပေးစက်ရုံ **(အောက်ပုံ)**တွင် ပြီးခဲ့သည့်နှစ်မတ်လက ဆူနာမီရေလှိုင်းဒဏ်ခံခဲ့ရသည့် နျူကလီးယား ဓာတ်ပေါင်းဖိုသုံးလုံးမှာ ၁၉၆၇ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၄၀ကျော်သက်တမ်းပြည့်တော့မည့် နျူကလီးယားဓာတ်ပေါင်းဖိုများမှာ ၁၄ လုံးခန့်ရှိနေသည်။ ဂျပန်နိုင်ငံ အလယ်ပိုင်းတွင်ရှိသော မီဟာမာနှင့် ဆူရူဂါနျူကလီးယားဓာတ်အားပေးစက်ရုံများမှ ဓာတ်ပေါင်းဖိုများမှာလည်း နှစ်၄၀ ခန့်ရှိနေပြီဖြစ်သည်။

ထို့ကြောင့် သက်တမ်း နှစ် ၄၀ ပြည့်သည့် ဓာတ်ပေါင်းဖိုများကို အသုံးမပြုဘဲ ပိတ်ပစ်ရန် ဂျပန်နိုင်ငံအစိုးရက ပြောကြားခြင်းဖြစ်သည်။ **(အင်တာနက်)**

ပေကျင်းမြို့တော်၌ ဆီးနှင်းများထူထပ်စွာကျဆင်း လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းထားရ

ပေကျင်း ဇန်နဝါရီ ၇

တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် ဇန်နဝါရီ ၇ ရက် နံနက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းလျက်ရှိရာ လေဆိပ်ပြေးလမ်းများပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းနေမှုကြောင့် လေယာဉ်ပျံသန်းမှုများ ဖျက်သိမ်းထားရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အဆိုပါဆီးနှင်းများသည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းမှစတင်ကာ တဖြည်းဖြည်း ဆိုးရွားစွာကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ပေကျင်းနိုင်ငံတကာလေဆိပ်ဝန်းကျင်တွင် ဆီးနှင်းကျဆင်းမှု ပိုမိုများပြားခဲ့သော်လည်း အဝေးပြေးကားလမ်းများပေါ်တွင်မူ ဆိုးရွားခြင်းမရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ပေကျင်းမြို့တော်တွင် အပူချိန် ၂ ဒီဂရီဆဲလ်စီးရပ်အထိကျဆင်းနေရာ တရုတ်နှစ်သစ်ကူးပွဲတော် အခါသမယတွင် အအေးဓာတ်ပြင်းထန်ကာ ဆီးနှင်းများ ပိုမိုကျဆင်းနိုင်ကြောင်း ပေကျင်းမြူနီစီပါယ်ဗျူရိုက သတိပေးချက်ထုတ်ပြန်ထားသည်။

ပေကျင်းမြို့တော်အပါအဝင် အနီးဝန်းကျင်ဒေသ၌ ဆီးနှင်းများကျဆင်းနေရာ အဝါရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

နယူးဇီလန်၌ မိုးပျံပူဖောင်းပျက်ကျ၊ ၁၁ ဦးသေဆုံး

ဝယ်လ်လင်တန် ဇန်နဝါရီ ၇

နယူးဇီလန်နိုင်ငံမြောက်ပိုင်းကျွန်းမြို့တစ်မြို့ဖြစ်သည့် ကာတာတန်မြို့အနီးတွင် ဇန်နဝါရီ ၇ ရက် နံနက်က အပျော်စီးမိုးပျံပူဖောင်း ပျက်ကျမှုကြောင့် ၁၁ ဦး သေဆုံးခဲ့ကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ပျက်ကျခဲ့

ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ ယင်းအပျော်စီးမိုးပျံပူဖောင်းပေါ်တွင် လူ ၁၁ ဦး လိုက်ပါစီးနင်းသွားကြောင်း၊ ဇန်နဝါရီ ၇ ရက် နံနက် ၇ နာရီ ၂၆ မိနစ်ခန့်က ၎င်းအပျော်စီးမိုးပျံပူဖောင်း မီးလောင်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

အပျော်စီးမိုးပျံပူဖောင်းမှာ ကာတာတန်မြို့အနီး ဝေရာရာပါမြို့မြောက်ဘက် ကလာရီဗီလ်လီ အရပ်မြေပြင်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ အဆိုပါ အပျော်စီးပူဖောင်းကို နံနက်နေစထွက်လာပြီး မကြာမီလွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ၁ နာရီခန့်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများမှာ ခရီးသည် ၁၀ ဦးနှင့် မိုးပျံပူဖောင်းထိန်းသိမ်းသူတစ်ဦးတို့ဖြစ်သည်ဟု သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၇-၁-၂၀၁၂)

ကမ္ဘောဒီးယား၌ အေအိုင်ဒီအက်စ်ရောဂါကြောင့် ၂၀၁၁ ခုနှစ်တွင် ၂၆၀၈ ဦး သေဆုံး

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးသူ ၂၆၀၈ ဦးခန့်ရှိသည်ဟု ခန့်မှန်းထားပြီး ပြီးခဲ့သည့်နှစ်က လူပေါင်း ၂၉၄၃ ဦးမှ ၁၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း အမျိုးသားအေအိုင်ဒီအက်စ်တိုက်ဖျက်ရေး အထွေထွေအတွင်းရေးမှူး ဒေါက်တာတန်ကွန်သီက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။

၂၀၁၁ ခုနှစ်တွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၂၆၀၈ ဦးတွင် ၂၄၈၄ ဦးမှာ အသက် ၁၅ နှစ်နှင့်အထက်များဖြစ်ပြီး ၁၂၄ ဦးမှာ ကလေးငယ်များဖြစ်ကြသည်။ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါဆန့်ကျင်တိုက်ဖျက်မှုကြောင့် ထိရောက်သည့် ရလဒ်ကောင်းများကို ကျွန်ုပ်တို့တွေ့မြင်ရပြီဖြစ်ကြောင်း၊ သို့သော်လည်း ကျေနပ်အားရမှုမရှိသေးကြောင်းနှင့် နောင်အနာဂတ်နှစ်များတွင် အဆိုပါရောဂါဖြစ်ပွားနှုန်း ကျဆင်းလာမှုကို တွေ့မြင်ရန် မျှော်လင့်ထားကြောင်း ဒေါက်တာတန်ကွန်သီက ဆက်လက်ပြောကြားခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၆ သန်းခန့် လိုအပ်လျက်ရှိသည်။

>> တင်မောင်လွင် - စုစည်းသည် <<

ချီလီနိုင်ငံတွင် တောမီးလောင်၊ မီးသတ်သမား ခြောက်ဦးသေဆုံး

ချီလီနိုင်ငံတောင်ပိုင်း ကော့တင်ပြည်နယ်တွင် တောမီးလောင်မှုအကြီးအကျယ်ဖြစ်ပွားရာ မီးသတ်သမားခြောက်ဦးသေဆုံးပြီး အခြားလေးဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာအရာရှိများက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဇန်နဝါရီ ၅ ရက်က မီနီကိုသစ်ထုတ်လုပ်ရေးကုမ္ပဏီမှ မီးသတ်သမား ၁၀ ဦးသည် အရော်ကာနီးယားဒေသတောင်တန်းသစ်တောအတွင်း မီးလောင်သည်ကို မီးငြိမ်းသတ်နေစဉ် ရုတ်တရက်လေပြင်းများတိုက်ခတ်လာသည့်အတွက် နောက်ဆုံးတွင် မီးသတ်သမားများ မီးဝိုင်းခံရပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ယင်းပြည်နယ်အုပ်ချုပ်ရေးမှူး မီဂွါမီလာဒိုက ပြောကြားသည်။ ဒဏ်ရာရသူလေးဦးကို ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ခဲ့ရကြောင်း မီဂွါမီလာဒိုက ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံ၌ အာရှအကြီးဆုံးရဟတ်ယာဉ် ထုတ်လုပ်မည်

တရုတ်နိုင်ငံက အာရှတွင်အကြီးဆုံး အရပ်ဘက်သုံးရဟတ်ယာဉ်အမျိုးအစားကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ရဟတ်ယာဉ် ထုတ်လုပ်မှုကို တရုတ်နိုင်ငံ မြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့က ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၆ ရက်၌ သတင်းထုတ်ပြန်သည်။ ရဟတ်ယာဉ်ဈေးကွက်တွင် အာရှ၌ အကြီးဆုံးရဟတ်ယာဉ်အဖြစ် အလေးချိန် ၁၃ တန်ရှိသော အေစီ-၃၁၃ အမျိုးအစားရဟတ်ယာဉ်ကို ထုတ်လုပ်မည်ဖြစ်ပြီး ၎င်းရဟတ်ယာဉ်သည် အမြင့် ၄၅၀၀ မီတာ၌ပျံသန်းနိုင် မည်ဖြစ်သည်။ အဆိုပါရဟတ်ယာဉ်ကို အရေးပေါ်ကယ်ဆယ်ရေး၊ တောမီးငြိမ်းသတ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကမ်းလွန်ဝေဟင်ကင်းလှည့်ရေး၊ ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးနှင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တရုတ် နိုင်ငံမှ ရဟတ်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများသည် အလေးချိန်တစ်တန်ရှိသော ရဟတ်ယာဉ်မှ အလေးချိန် ၁၃ တန်ရှိသည့် ရဟတ်ယာဉ်အထိ တိုးမြှင့်ထုတ် လုပ်လာနိုင်ပြီဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ကန်မောင်းသူမဲ့လေယာဉ်ပစ်ခတ်မှုကြောင့် ဆိုမာလီ၌ လူ ၃၀ သေဆုံး

အမေရိကန် မောင်းသူမဲ့လေယာဉ်က ဆိုမာလီနိုင်ငံတောင်ပိုင်း အိန္ဒိယသမုဒ္ဒရာကမ်းခြေအနီးတစ်ဝိုက်တွင် တိုက်ခိုက်သဖြင့် အနည်းဆုံး လူ ၃၀ သေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့တော်တောင်ဘက် ကီလိုမီတာ ၅၀၀ အကွာရှိ မဟာဗျူဟာအရအရေးပါသော ဆိပ်ကမ်းမြို့ ကစ်စမာယိုအနီးတစ်ဝိုက်တွင် ကူဒါကို မောင်းသူမဲ့လေယာဉ်က ဒုံးကျည်ဖြင့် လေးကြိမ်ပစ်ခတ်ကြောင်း အမည်မဖော်လိုသည့် ဆိုမာလီ လူမျိုးစုခေါင်းဆောင်များက ပြောကြားသည်။ ယင်းလေကြောင်းတိုက်ခိုက်မှုအတွင်း နေအိမ် ၁၁ လုံး ထိမှန်ပျက်စီးသွားကြောင်း ၎င်းတို့က ထည့်သွင်းပြောကြားသည်။ ဆိုမာလီနိုင်ငံသည် အမေရိကန် မောင်းသူမဲ့လေယာဉ်အသုံးပြုတိုက်ခိုက်သည့် ဆဋ္ဌမမြောက်နိုင်ငံဖြစ်သည်။ *(အင်တာနက်)*

နိုင်ငံတကာအနုပညာ

တရုတ်ရုပ်ရှင်မင်းသမီး ကျို့တောင်ယူ၏ ပုံရိပ်လွှာ

ပေကျင်း ဇန်နဝါရီ ၇

တရုတ်နိုင်ငံ ရုပ်ရှင်အနုပညာလောကမှာ တစ်ရှိန်ထိုး အောင်မြင်ကျော်ကြားလာတဲ့ ဆယ်ကျော်သက် ရုပ်ရှင်မင်းသမီးလေးကတော့ ကျို့တောင်ယူပဲဖြစ်ပါတယ်။ ငယ်ရွယ်နုပျိုပြီး သရုပ်ဆောင်ကလည်း ကောင်းတာမို့ အောင်မြင်မှုတွေရရှိနေခြင်းပဲ ဖြစ်ပါတယ်။ ကျို့တောင်ယူကို ကြည့်ရင် ကိုရီးယားမင်းသမီးလေးနဲ့ ဆင်ပါတယ်။ ဒါပေမယ့် မဟုတ်ပါဘူး။ ယခုအခါမှာ တရုတ်မင်းသမီးတွေဟာလည်း ကိုရီးယားမင်းသမီးတွေလို လှပအောင် မျက်နှာကို ပြုပြင်တတ်လာကြပါပြီ။ အချို့မှာ မျက်ရစ်ပေါ်အောင် ခွဲစိတ်မှုတွေတောင် လုပ်ကြတယ်လို့ ဆိုပါတယ်။

ဆယ်ကျော်သက် ရုပ်ရှင်မင်းသမီးလေး ကျို့တောင်ယူ။

အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ ကျို့တောင်ယူဟာ ဟီဘေးပြည်နယ် ရှီကျာကျောင်းမြို့သူဖြစ်ပြီး အရင်က မော်ဒယ်လ်တစ်ဦးအဖြစ် အနုပညာလောကကို စတင်ခြေချခဲ့သူဖြစ်ပါတယ်။ ဒါရိုက်တာ ကျန်ယီမူရဲ့ The Love of the Howthorn Tree ဇာတ်ကားမှာ စတင်ပါဝင်သရုပ်ဆောင်ခဲ့ရာက စပြီး ပရိသတ်တွေ အားပေးခံရလို့ နာမည်ကြီးခဲ့သူဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး ကျို့တောင်ယူဟာ ၂၀၁၀ ခုနှစ်ကမှ ရုပ်ရှင် စတင်ရိုက်ကူးခဲ့တာဖြစ်ပေမယ့် အဲဒီနှစ်မှာပဲ The Love of the Howthron Tree ဇာတ်ကားအပြင် The Road of Exploring နဲ့ Fallen Tears ဇာတ်ကားတွေကို ဆက်တိုက် ရိုက်ကူးခဲ့ရတာဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး ကျို့တောင်ယူရဲ့ Fallen Tears ဇာတ်ကားဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၄ ရက်ကမှ တရုတ်နိုင်ငံ တစ်ဝန်းမှာ ရုံတင်ပြသခဲ့တာဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို ပရိသတ်တွေကြိတ်ကြိတ်တိုး အားပေးကြည့်ရှုခဲ့ကြပါတယ်။ အခုအချိန်မှာ ကျို့တောင်ယူက His Country အမည်ရှိတဲ့ ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်နေတာမို့ ၂၀၁၂ ခုနှစ်အတွင်းမှာ အဲဒီဇာတ်ကားလည်း ရိုက်ကူးမှုပြီးစီးပြီး ရုံတင်ပြသနိုင်မှာဖြစ်ပါတယ်။

ကျရာဇာတ်ရုပ်မှာ ပီပြင်တဲ့ သရုပ်ဆောင်မှုတွေကြောင့် ရုပ်ရှင်မင်းသမီး ကျို့တောင်ယူဟာ The Love of the Howthorn Tree ဇာတ်ကားနဲ့ ၂၀၁၁ ခုနှစ် ရှန်ဟိုင်း ရုပ်ရှင်ဆုပေးပွဲမှာ အကောင်းဆုံးမျက်နှာသစ်သရုပ်ဆောင်ဆု ရရှိခဲ့ပါတယ်။ ဒါ့အပြင် အာရှရုပ်ရှင်ဆုချီးမြှင့်ပွဲမှာလည်း အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆု ရရှိခဲ့သူဖြစ်ပါတယ်။

အသက်ငယ်ရွယ်ပေမယ့် လူမှုရေးလုပ်ငန်းတွေမှာလည်း ပါဝင်လှုပ်ရှားနေသူဖြစ်တာမို့ တရုတ်နိုင်ငံမှာတော့ ပြည်သူချစ်တဲ့ ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်နေပါကြောင်း။ ။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ-စုစည်းသည်

ဟောလိဝုဒ်မင်းသမီး ဒေမီမိုး ရုပ်ရှင်ပြန်ရိုက်မည်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၇

*၁၉၉၀ ခုနှစ်က Ghost ဇာတ်ကားဖြင့် ကမ္ဘာကျော်ခဲ့သော ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဒေမီမိုး (Demi Moore) **(အောက်ပုံ)**သည် Lovelace အမည်ရှိ ရုပ်ရှင်ကားသစ်တွင် ပါဝင်သရုပ်ဆောင်ခြင်းဖြင့် ရုပ်ရှင်ဇာတ်ကားများကို ပြန်လည်ရိုက်ကူးတော့မည်ဖြစ်ကြောင်း ဇန်နဝါရီ ၇ ရက်၌ ၎င်းရုပ်ရှင်ကား ထုတ်လုပ်သူများက ပြောကြားသည်။*

အသက် ၄၉ နှစ်အရွယ်ရှိပြီဖြစ်သည့် အမေရိကန်ရုပ်ရှင်မင်းသမီး ဒေမီမိုးသည် ၎င်းဇာတ်ကားတွင် ရုပ်ရှင်မင်းသားဟာရီရမ်းစ်နှင့်အတူ တွဲဖက်သရုပ်ဆောင်ရမည်ဖြစ်သည်။ ဒေမီမိုးသည် ၁၉၇၂ ခုနှစ်က ရိုက်ကူးခဲ့သော Deep Throat ဇာတ်ကားတွင် ကလေးသရုပ်ဆောင်အဖြစ် ရုပ်ရှင်မင်းသား ဟာရီရမ်းစ်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

ရိုက်ကူးမည်

အဆိုပါ Lovelace ဇာတ်ကားကို ဒါရိုက်တာ ရိုက်ဘ်အက်စတင်းနှင့် ဂျက်ဖာရီဖရစ်မင်းတို့က ရိုက်ကူးမည်ဖြစ်ပြီး ပရိသတ်နှစ်သက်မည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်လာမည်ဟု ၎င်းတို့က ပြောကြားသည်။

ရုပ်ရှင်မင်းသမီး ဒေမီမိုးသည် ရုပ်ရှင်လောကသို့ ခေါင်းဆောင်မင်းသမီးအဖြစ် ၁၉၈၁ ခုနှစ်တွင် စတင်ရောက်ရှိခဲ့ပြီး ၁၉၈၀ ခုနှစ်ကပင် ဖရက်ဒီမိုးနှင့် အိမ်ထောင်ပြုခဲ့သည်။ ဖရက်ဒီမိုးနှင့် ၁၉၈၅ ခုနှစ်၌ လမ်းခွဲခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ဘရုစ်ဝီလီစ်နှင့် လက်ထပ်ခဲ့ရာ သားသမီးသုံးဦး ရရှိခဲ့သည်။

ဘရုစ်ဝီလီစ်နှင့် ၂၀၀၀ ပြည့်နှစ်၌ လမ်းခွဲခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အက်ရှ်တန်ကက်ချာနှင့် လက်ထပ်ခဲ့ရာ ယခုအချိန်အထိ ဖြစ်သည်။

ပြတ်တောက်ခဲ့

*အိမ်ထောင်ရေးပြဿနာများကြောင့် ရုပ်ရှင်ရိုက်ကူးမှု ပြတ်တောက်ခဲ့သည့် ဒေမီမိုးသည် ယခုအခါ ဇာတ်ကားများ ပြန်လည်ရိုက်ကူးတော့မည် ဖြစ်သည်။ **(အင်တာနက်)***

ကိုရီးယားရုပ်ရှင်မင်းသမီး ပက်မင်ယောင်စုံတွဲမည်

ဆိုးလ် ဇန်နဝါရီ ၇

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ပက်မင်ယောင်၏ City Hunter ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို တောင်ကိုရီးယားနိုင်ငံ၌ အက်စ်ဘီအက်စ်ရုပ်မြင်သံကြားလိုင်းမှ မကြာမီက ပြသခဲ့ရာ ပရိသတ်များ အထူးနှစ်သက် အားပေးခဲ့ကြသည်။

ထုတ်လွှင့်ပြသ

အသက် ၂၅ နှစ်အရွယ်ရှိ ပက်မင်ယောင် **(ဝဲပုံ)** ၏ ၂၀၁၁ ခုနှစ်အတွင်း Glory Jane အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ကေဘီအက်စ် ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်ပြသခဲ့သည်။

ရုပ်ရှင်မင်းသမီးပက်မင်ယောင်သည် တောင်ကိုရီးယားရုပ်ရှင်မင်းသား လီမင်ဟိုနှင့် ၂၀၀၇ ခုနှစ်က I am Sam အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို အတူသရုပ်ဆောင်ရိုက်ကူးကြရင်း စတင်စိတ်ဝင်စားခဲ့ကြရာမှ ချစ်သူများဖြစ်ခဲ့ကြသည်။ ရုပ်ရှင်မင်းသားလီမင်ဟိုနှင့် ရုပ်ရှင်မင်းသမီးပက်မင်ယောင်တို့သည် မကြာမီ နှစ်ကိုယ်တူထိမ်းမြားမည့် လက်ထပ်ပွဲကို ဆင်နွှဲနိုင်ရေး စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်းမှတ်စု — ဇော်ဦးခိုင် - ဘာသာပြန်သည်

ဗီယက်နမ်နိုင်ငံသားတစ်ဦး၏ ၁၉၈ ပေါင်ရှိ အသားပိုကြီး ဟိုချီမင်းမြို့ရှိ ဆေးရုံ၌ ခွဲစိတ်ဖြတ်တောက်အောင်မြင်

ဟန္နိုင်း ဇန်နဝါရီ ၇

ခန္ဓာကိုယ်၏နဂိုရှိရင်းစွဲအလေးချိန်ထက်ပင် ပိုမိုလေးသည့် အသားပိုကြီး ရှိနေသူ ဗီယက်နမ်လူမျိုးတစ်ဦးသည် ခွဲစိတ်မှုပြုကာ ထိုအသားပိုကြီးကိုဖယ်ရှားနိုင်ပြီးဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၆ ရက်က ဖော်ပြသည်။

*ညာခြေထောက်တွင် ကြီးမားလွန်းသည့် အသားပိုကြီးရှိနေသူ ငုရင်တန်ဖွန်းသည် ခွဲစိတ်ဖယ်ရှားမှုပြုပြီးနောက် ဆေးရုံ၌ပင် ကျန်းမာရေးကောင်းကောင်း မွန်မွန်ရှိနေသည်။ ထို ၁၉၈ ပေါင်လေးသည့် အသားပိုကြီးကို **(ယာပုံ)** ခွဲစိတ်မှုပြုလုပ်ရာတွင် အချိန် ၁၂ နာရီ ကြာမြင့်ခဲ့သည်။*

အခမဲ့ဒါနပြု

ခွဲစိတ်ဆရာဝန်အဖွဲ့၏ ဦးစီးခေါင်းဆောင် အမေရိကန်ဆရာဝန်ကသူ၏ ဆေးဝါးကုသခကို လျှော့ပေါ့ပေးခဲ့ကြောင်း၊ အခြား အထွေထွေကုန်ကျစရိတ်များကိုလည်း အခမဲ့ဒါနပြုခဲ့ကြောင်း ဟိုချီမင်းမြို့တော်ရှိ ပြင်သစ်-ဗီယက်နမ်ဆေးရုံက သတင်းတင်ပြသည်။

ဝမ်းသာမျက်ရည်

အသက် လေးနှစ်သားမှ စတင်ဖြစ်ပွားလာသည့် ယင်းအသားပိုကြီးကြောင့် အအိပ်ခက်၊ အသွားခက်ကြုံတွေ့ ခံစားနေခဲ့ရသူ အသက် ၃၁ နှစ်အရွယ်ရှိ ငုရင်တန်ဖွန်းအား ခွဲစိတ်မှုအောင်မြင်ပြီးနောက် ကျန်းကျန်းမာမာရှိနေသည်ကိုမြင်လိုက်ရသည့် သူ့မိသားစုဝင်များသည် ဝမ်းသာမျက်ရည်များပင်ကျခဲ့သည်ဟု သတင်းတွင်ဖော်ပြထားသည်။

*ငုရင်တန်ဖွန်း၏ အသားပိုကြီးသည် ကင်ဆာရောဂါကြောင့်မဟုတ်ဘဲ ဖြစ်တောင့်ဖြစ်ခဲ မျိုးဗီဇဖောက်ပြန်မှုတစ်ရပ်ကြောင့်သာ ပေါ်ပေါက်ကြီးထွားလာခြင်းဖြစ်ကြောင်း ဆရာဝန်များက ပြောကြားခဲ့သည်။ ယခုသူ၏ခွဲစိတ်မှုသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး အောင်မြင်မှုမရှိခဲ့သည့် ခွဲစိတ်မှုကို သူ ၁၇ နှစ်သားအရွယ်က ပြုလုပ်ခဲ့သော်လည်း ယင်းအသားပိုကြီးမှာ ပြန်လည်ကြီးထွားလာခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)***

အမေရိကန်နိုင်ငံတွင် ရထားသုံးစင်းတိုက်မှုဖြစ်ပွား

ချီကာဂို ဇန်နဝါရီ ၇

အမေရိကန်နိုင်ငံ အင်ဒီယားနားပြည်နယ် အနောက်မြောက်ပိုင်း ပေါ့တာစီရင်စုတွင် ဇန်နဝါရီ ၆ ရက်က ရထားသုံးစင်းတိုက်ပြီး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း ချီကာဂို ထရက်ဘန်းသတင်းစာက သတင်းဖော်ပြသည်။

တိုက်မိခဲ့သည့် ရထားသုံးစင်းမှာ ကုန်တင်ရထားများဖြစ်ကြောင်း၊ ပေါ့တာစီရင်စုအတွင်း နေ့လယ်ပိုင်းက တိုက်မိခဲ့ကြခြင်းဖြစ်ကြောင်း စီရင်စုအုပ်ချုပ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စိမ့်ထွက်ယိုဖိတ်

အခင်းဖြစ်ရာ မတော်တဆမှုတွင် ရထားများတိုက်မိပြီး လမ်းချော်ခြင်း၊ မီးများလောင်ခြင်းနှင့် ဓာတုပစ္စည်းများ စိမ့်ထွက်ယိုဖိတ်ခြင်းများဖြစ်ခဲ့ကြောင်း၊ သေကျေထိခိုက်မှုသတင်း လတ်တလောမရရှိသေးကြောင်း အဆိုပါရုံးမှ သတင်းထုတ်ပြန်ထားသည်။ **(အင်တာနက်)**

ဒါအက်စလမ် ဇန်နဝါရီ ၇

တန်ဇန်းနီးယားနိုင်ငံတွင် အန်ဂလိုဂိုးအရှန်တီ ရွှေတူးဖော်ရေးလုပ်ငန်းစုပိုင် ရွှေချောင်းများစွာကို မိုင်းတွင်းအနီး လေဆိပ်တွင် လေယာဉ်ပေါ် တင်ဆောင်စဉ် လုယက်စီးနင်းမှု ဖြစ်ပွားခဲ့ကြောင်း တန်ဇန်းနီးယား ရဲဝန်ထမ်းများက ဇန်နဝါရီ ၆ ရက်၌ ပြောကြားသည်။

အာဖရိကတိုက်၏ အကြီးဆုံး ရွှေထွက်ရှိရာ ဂျက်တာမိုင်းတွင်းနယ်မြေတွင် လုယက်စားပြတိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။ မျက်နှာဖုံးများစွပ်ထားသည့် စားပြငါးဦးသည် လက်နက်ကြီးငယ်များ ကိုင်ဆောင်လာပြီး အနီးရှိ တောအုပ်အတွင်းမှ ထွက်လာကာ လေယာဉ်ပေါ်ရှိ ရွှေချောင်းများကို လုယက်ကြခြင်းဖြစ်သည်။

ရွှေချောင်းများ သယ်သည့်လေယာဉ်အား စားပြတိုက်

ပြောကြား

ထိုစဉ်က လေယာဉ်ပေါ် ထုပ်ပိုးတင်ဆောင်ထားသည့် ရွှေတန်ချိန်မှာ ၅၈၃ ကီလိုဂရမ်ရှိကြောင်း၊ စားပြများနှင့် ပစ်ခတ်မှုဖြစ်ပွားရာ စားပြတစ်ဦး သေဆုံးပြီး ကျန်လူများ လွတ်မြောက်ကာ လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း၊ မိုင်းလုပ်သားတစ်ဦး ကျည်ဆန်ထိမှန်သဖြင့် ဆေးရုံတင်ဆောင်ထားရကြောင်း ရဲဌာနက ပြောကြားသည်။

ကာရံထားရ

ဂျက်တာမိုင်းတွင်းနယ်မြေတွင် လုယက်စီးနင်းခံရမှုများ ဖြစ်ပွားတတ်လေ့ရှိသဖြင့် ယင်းနယ်မြေပတ်လည်ကို တံတိုင်းအမြင့်များ ကာရံထားရသည်။ ဂိုဏ်းအုပ်စုဖွဲ့ကာ ယခုကဲ့သို့ ကျူးလွန်ကြခြင်းဖြစ်ပြီး ကြာသပတေးနေ့တိုင်း ရွှေများ သယ်ဆောင်သည့် လေယာဉ်ပျံသန်းသည်ကို အတွင်းလူတစ်ဦးဦးက စားပြများအား သတင်းပေးခဲ့လိမ့်မည်ဖြစ်ကြောင်း ရဲဝန်ထမ်းများက ပြောကြားခဲ့သည်။ *(အမ်အင်န်အေ၊ရိုက်တာ)*

နယူးဇီလန်နိုင်ငံတွင် ဝေလငါးများသောင်တင်ပြီး သေဆုံး

ခရစ်ချပ် ဇန်နဝါရီ ၇

နယူးဇီလန်နိုင်ငံကမ်းခြေတစ်နေရာတွင် ဝေလငါးများစွာ သောင်တင်လျက်ရှိနေပြီး ထိုအထဲမှ ခုနစ်ကောင်သေဆုံးခဲ့သဖြင့် ကျန်ရှိနေသေးသည့် ဝေလငါး ၁၈ ကောင် အသက်ရှင်သန်ရေး ဝိုင်းဝန်း ကြိုးပမ်းလျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၇ ရက်က ဖော်ပြထားသည်။ **(အောက်ပုံ)**

ထိုအသက်ရှင်ဆဲ ဝေလငါးများသောင်တင်ကာ သဲတွင် ဖုံးအုပ်နေရာမှ ပြန်ဖော်ပြီးသော်လည်း ထိုဝေလငါးများမှာ ရေတွင် ကူးခပ်သွားလာရန် မစွမ်းသာသေးကြောင်း တိရစ္ဆာန်စောင့်ရှောက်ရေးဌာနမှ နယ်မြေခံမန်နေဂျာ ဂွန်မက်ဆန်က ပြောကြားသည်။

နယူးဇီလန်နိုင်ငံတောင်ပိုင်းကျွန်း ပင်လယ်အော်ရှိ သဲသောင်ပြင်တွင် ဇန်နဝါရီ ၆ ရက် နေ့လယ်ပိုင်းက ထိုဝေလငါးများသောင်တင်ခဲ့ခြင်းဖြစ်သည်။ ထိုသဲသောင်ပြင်နယ်မြေသည် မကြာခဏ ဆိုသကဲ့သို့ ဝေလငါးများ သောင်တင်တတ်သည်။

လွန်ခဲ့သောနှစ်လက ထိုနယ်မြေရှိ နယ်ဆင်ကမ္ဘာလှည့်ခရီးသွားမြို့အနီးတွင် ဝေလငါး ၄၇ ကောင်အထိ သောင်တင်ပြီး သေဆုံးသွားခဲ့သည်။

ယခုဝေလငါးအများစုသည် ပေ ၂၀ ကျော် အရှည်ရှိကြပြီး နယူးဇီလန်ရေပြင်တွင် အများဆုံးတွေ့ရသည့် မျိုးစိတ်များဖြစ်သည်။ **(အင်တာနက်)**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် ပညာရေးစုံညီပွဲတော် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၇

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃ ရက်တွင် မော်လမြိုင်မြို့ အထက(၆) ရတနာမွန်ခန်းမ၌ ကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မွန်ပြည်နယ်ပညာရေးစုံညီပွဲတော်နှင့် ပြည်နယ် ဂုဏ်ဆောင်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မော်လမြိုင်မြို့ အထက(၈)မှ ကျောင်းသူလေးများက စုံညီပွဲတော် ဒို့နွဲပျော်သီချင်းဖြင့် လည်းကောင်း၊ အထက(၆)မှ ကျောင်းသား ကျောင်းသူများက မိုးလုံးမှိုင်းတေးသရုပ်ဖော်အကဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပညာရဲရင့်ပွဲလယ်တင့်ဆိုစကားနှင့်အညီ ပရိသတ်အလယ်တွင် ဖော်ထုတ်ပြသရန် ပညာရေးစုံညီပွဲတော်များကို ကျင်းပရခြင်း ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့် ကျောင်းသားကျောင်းသူများအား ဆင်ခြင်တွေးတောချိန်ဆတတ်သည့် အသိဉာဏ်နှင့်တွေးခေါ်မြော်မြင်နိုင်သည့်စွမ်းအားများ ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်ပေးရင်း လူငယ်များ၏စွမ်းအားကို မြှင့်တင်ပေးကြရန်လိုကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်၏ပညာရေးကဏ္ဍ အဘက်ဘက်မှတိုးတက်မြင့်မားလာစေရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက္ကသိုလ်ဝင်တန်းတွင် ဘက်စုံဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က လည်းကောင်း၊ နဝမတန်းဘက်စုံဆုရရှိသူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေကလည်းကောင်း၊ အဋ္ဌမတန်းနှင့် စတုတ္ထတန်းတို့တွင် ဆုရရှိသူများအား တာဝန်ရှိသူများက လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လှိုင်နှင့်ကျိုက်ဖနဲ ရပ်ကွက်ရှိ ကတ္တရာထပ်ပိုးလွှာခင်း သုတလမ်းဖွင့်ပွဲသို့တက်ရောက်ပြီး လမ်းဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၄) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက သာရဏီယသြဝါဒ ကထာကို မြွက်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ထို့နောက် (၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပရေးအတွက် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အဆိုပါတိပိဋကဓရ၊တိပိဋကကောဝိဒ စာမေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက်အထိ ၃၃ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ဆောက်လုပ်ရေး အုတ်တွင်း၌ အလှူငွေပေးအပ်

အုတ်တွင်း ဇန်နဝါရီ ၇

အုတ်တွင်းမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာ **ပညာတံခွန်** ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသည့် ပံ့ပိုးငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းပွဲနှင့် စာကြည့်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဆွေဆွေမိုးက လှူဒါန်းငွေကျပ် ၁၀ သိန်းကို စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မြင့်ထံသို့ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ ကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က လက်ခံခဲ့သည်။

ထို့နောက် စာကြည့်တိုက်ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေ၊ မြို့နယ်တရားသူကြီး ဦးဝင်းနိုင်၊ ကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်၊ ရပ်မိရပ်ဖ ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် ပန္နက်ရိုက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေးအပ်ချီးမြှင့်

ကျောက်မဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က မေတ္တာမွန်ခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

SUMITOMO GOLF CLASSIC ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကကြီးမှူး၍ Aung Heing Min Co.,Ltd နှင့် SUMITOMO HEAVY MACHINERY တို့ အဓိကကူညီပံ့ပိုးမည့် SUMITOMO GOLF CLASSIC ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional၊သက်ကြီးတန်း (Senior Professional) အဆင့်နှင့် အပျော်တမ်းအဆင့်ပြိုင်ပွဲ (H'Cap 0-10) အဆင့် ရှိသူများကိုသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး R&A Rules Limited (St. Andrew) ဂေါက်စည်းမျဉ်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၂၀၀၀၀ ပေးသွင်း၍ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားကာ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄၊ ၆၅၁၃၇၄ တို့နှင့် ပြိုင်ပွဲကျင်းပမည့် ရေတံခွန်တောင်ဂေါက်ကလပ်တို့၌ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

၂၀၁၁ ခုနှစ် ကမ္ဘာ့အကောင်းဆုံးနည်းပြအဖြစ် ဂွါဒီယိုလာ ကွင်းလယ်ကစားသမား ဇာဗီနှင့် ဂိုးသမား ကာစီးလက်စ်တို့ ရွေးချယ်ခံရ



နည်းပြ ဂွါဒီယိုလာ



ကွင်းလယ်ကစားသမား ဇာဗီ



ဂိုးသမား ကာစီးလက်စ်

မက်ဒရစ် ဇန်နဝါရီ ၇

ဘောလုံးသမိုင်းနှင့် အချက်အလက်များဆိုင်ရာ နိုင်ငံတကာအဖွဲ့ချုပ် (အိုင်အက်ဖ်အက်ဖ်အိတ်ချ်အက်စ်) က ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး နည်းပြအဖြစ် ဘာစီလိုနာအသင်းနည်းပြဂွါဒီယိုလာကို ရွေးချယ်ကာ ဇန်နဝါရီ ၇ ရက်က အမည်စာရင်း ထုတ်ပြန်လိုက်ပြီ ဖြစ်ပါတယ်။

ဘာစီလိုနာနည်းပြ ဂွါဒီယိုလာကို ဒီလိုရွေးချယ်မှုဟာ ကမ္ဘာ့နိုင်ငံပေါင်း ၈၁ နိုင်ငံက ဘောလုံးကျွမ်းကျင်သူတွေက ဆန္ဒမဲပေးခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုဆန္ဒမဲပေးတဲ့အခါ ဂွါဒီယိုလာက ၂၀၁ မဲရရှိခဲ့ပြီး ရီးရဲမက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုက ၁၁၂ မဲ ရရှိခဲ့ပါတယ်။ မန်ယူနည်းပြကြီး ဖာဂူဆန်ကတော့ ၁၀၇ မဲနဲ့ တတိယနေရာမှာသာ ရပ်တည်နိုင်ခဲ့ပါတယ်။

နည်းပြဂွါဒီယိုလာဟာ ဘာစီလိုနာအသင်းကို စပိန်ပြည်တွင်းပြိုင်ပွဲတွေမှာသာမကဘဲ နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဂွါဒီယိုလာဟာ ဘာစီလိုနာအသင်းကို စပိန်လာလီဂါဖလား၊ ချန်ပီယံလိဂ်ဖလားတွေရရှိအောင် ဆောင်ကြဉ်းပေးထားနိုင်ခဲ့တဲ့အပြင် ဂျပန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ဘောလုံးကလပ် ဖလားပြိုင်ပွဲမှာ ဘရာဇီးကလပ်ချန်ပီယံ ဆန်တို့စ်အသင်းကို ဘာစီလိုနာအသင်းက လေးဂိုးပြတ်နဲ့ အနိုင်ယူပြီး ထိုက်ထိုက်တန်တန် ဖလားရယူပေးနိုင်ခဲ့သူ နည်းပြကောင်းတစ်ဦးဖြစ်ပါတယ်။

ဘာစီလိုနာအသင်းရဲ့ခြေစွမ်းကို တည်ငြိမ်အောင် နည်းဗျူဟာတွေနဲ့ ထိန်းကျောင်းနိုင်တဲ့နေရာမှာ အခြားနည်းပြတွေထက် သာလွန်ထူးကဲတဲ့ အရည်အချင်းတွေရှိနေတယ်လို့ အိုင်အက်ဖ်အက်ဖ်အိတ်ချ်အက်စ်ရဲ့သုံးသပ်ချက်မှာ ဖော်ပြထားပါတယ်။

ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုကတော့ လက်ရှိကိုင်တွယ်နေတဲ့ ရီးရဲမက်ဒရစ်အသင်းကို ပွဲရလဒ်ကောင်းတွေ ဖန်တီးနိုင်မှုအားကောင်းပေမယ့် အသင်းအောင်မြင်မှုနဲ့ ဆုဖလားရယူရေးခရီးလမ်းကြောင်းကို ဖြတ်သန်းတဲ့အခါ အတိမ်းအစောင်းတွေ ရှိခဲ့တယ်လို့ ဆိုပါတယ်။ ပြည်တွင်း ပြည်ပပွဲတွေမှာ အောင်မြင်မှုရရှိအောင် အသင်းခြေစွမ်း တည်ငြိမ်ရေး ကြိုးပမ်းမှုမှာ ဘာစီလိုနာနည်းပြ ဂွါဒီယိုလာလောက် အားမကောင်းဘူးလို့ ဆိုပါတယ်။

မန်ယူနည်းပြကြီး ဖာဂူဆန်ကတော့ မန်ယူအသင်းအောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ပေမယ့် ပွဲစဉ်အလိုက် ဘောလုံးသမားတွေ ခြေစွမ်းပေါ်လွင်အောင် ထိထိရောက်ရောက် ထုတ်သုံးနိုင်မှုအပိုင်း အားနည်းတယ်လို့ ဆိုပါတယ်။ ၂၀၁၁ခုနှစ်အတွက် အိုင်အက်ဖ်အက်ဖ်အိတ်ချ်အက်စ်ရဲ့ ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားအဖြစ် ဘာစီလိုနာအသင်းကွင်းလယ်ကစားသမားဇာဗီ ရွေးချယ်ခံရပါတယ်။ ဇာဗီဟာ မိမိအသင်းအောင်မြင်မှုရရှိဖို့ ကွင်းလယ်က ဖန်တီးပေးမှုနဲ့ ခံစစ်၊ တိုက်စစ်ပိုင်းတွေမှာလည်း လိုက်ပါကစားပေးတဲ့နေရာမှာ အထူးချွန်ဆုံး ဖြစ်တယ်လို့ဆိုပါတယ်။ ဒါ့အပြင် ရီးရဲမက်ဒရစ်အသင်းရဲ့ ဂိုးသမား ကာစီးလက်စ်ကို ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဂိုးသမားအဖြစ် ရွေးချယ်ခဲ့ပါတယ်။ ကာစီးလက်စ်ဟာ ရီးရဲမက်ဒရစ်အသင်း အောင်မြင်မှုရရှိရေးအတွက် သေချာပေါက်ဂိုးတွေကို ကာကွယ်ပေးနိုင်ခဲ့သူဖြစ်တယ်လို့ အိုင်အက်ဖ်အက်ဖ်အိတ်ချ်အက်စ်က ဖော်ပြထားပါကြောင်း။ ***(အင်တာနက်)***

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ် ဒါဂန်ဟမ်နှင့် မီလ်ဝေါလ်၊ ဘာမင်ဂမ်နှင့် ဝုလ်ဗာတို့ သရေပွဲဖြစ်

လန်ဒန် ဇန်နဝါရီ ၇

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်များကို ဇန်နဝါရီ ၇ ရက်က ယှဉ်ပြိုင်ကစားရာ ဒါဂန်ဟမ်ရက်ဘရစ်အသင်းနှင့် မီလ်ဝေါလ်အသင်းတို့ ယှဉ်ပြိုင်ကစားပြီးနောက် ဂိုးမရှိ သရေပွဲ ဖြစ်ခဲ့သည်။ **(အောက်ပုံ)**

ဒါဂန်ဟမ်ရက်ဘရစ်အသင်းက ၄း၃း၃ ပုံစံဖြင့် တိုက်စစ်တွင် ဝုဒ်ဒယ်၊ နာဆီနှင့် ဝီရာရန်တို့ပွဲထုတ်ကစားခဲ့သော်လည်း မီလ်ဝေါလ်အသင်းနောက်တန်းကို ထိထိရောက်ရောက် မကစားနိုင်ခဲ့ချေ။ အပိုင်ကန်သွင်းခွင့်ခုနစ်ကြိမ်ရရှိခဲ့သော်လည်း မီလ်ဝေါလ်ဂိုးသမား မီလ်ဒန်ဟော ကာကွယ်နိုင်ခဲ့သည်။ ထို့အတူ မီလ်ဝေါလ်အသင်းကလည်း ဟာရီကိန်း၊ မာကွစ်နှင့်ရှန်ဘတ်တို့ကို တိုက်စစ်တွင်ထားရှိ ကစားခဲ့သော်လည်း ဂိုးသွင်းမသေချာမှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နှစ်သင်းစလုံးဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။အက်ဖ်အေနောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ဘာမင်ဂမ်နှင့် ဝုလ်ဗာဟမ်တန်အသင်းတို့ပွဲတွင်လည်း ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ **(အင်တာနက်)**

လွတ်လပ်ရေးနေ့အခမ်းအနား တာချီလိတ်မြို့နယ်၌ ကျင်းပ

တာချီလိတ် ဇန်နဝါရီ ၇

(၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက တာချီလိတ်မြို့ ဘုရင့်နောင်မင်းတရားကြီးရုပ်တုရင်ပြင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူးဦးသက်လွင်က ဖတ်ကြားသည်။

ထို့နောက် စာစီစာကုံး၊ ကဗျာ၊ပန်းချီ၊ကာတွန်း ပြိုင်ပွဲများတွင် ဆုရရှိသူများအား အောင်မြတ်ခန်းမ၌လည်းကောင်း၊ စက်ဘီးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်ပြည်သူ့အားကစားကွင်း၌လည်းကောင်း ခရိုင်အုပ်ချုပ်ရေးမှူးဦးသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၆ဝ)**

တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၇

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မြတ်ဘုန်းစာကြည့်တိုက်တွင် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)က သဘာပတိအဖြစ်ဆောင်ရွက်၍ တာဝန်ရှိသူများက ၂၀၁၁ ခုနှစ် တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့သော အဖွဲ့ဝင် ဦးမောင်အုံး (ကိုကြီးအုန်း-တပ်ကုန်း) ၏ နာရေးကူညီမှု ထောက်ပံ့ငွေကိုလည်းကောင်း၊ ဦးသိန်းဆွေ(ဆွေဦး)၊ ဦးမောင်မောင်ကြီး(ပေတိုး-ရွှေမြို့)၊ ဦးကျော်သူစိုး(ကိုခက်ဝေ)တို့အတွက် ဆေးရုံတက်ထောက်ပံ့ငွေနှင့်ပစ္စည်းကိုလည်းကောင်း၊ နာယက ဦးတင်လှ(ရွှေသင်းယုလွင်)အား သက်ကြီးထောက်ပံ့ငွေကိုလည်းကောင်း သဘာပတိ ဦးသိန်းဝင်းမြင့်(မြကျောက်အေးချမ်း)ကပေးအပ်ပြီး နှစ်သစ်လက်ဆောင်အဖြစ် တပ်ကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ထုတ်ဝေသော ၂၀၁၂ ခုနှစ် ပြက္ခဒိန်ကို အဖွဲ့ဝင်များသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၂၁)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရမည်းသင်း၌ ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၇

ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တာဝန်ခံ ဒေါက်တာ မြင့်မြင့်မော်က အမှတ်ပေးစည်းမျဉ်းကို ရှင်းလင်းပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် မွေးစမှ နှစ်နှစ်အထိ အုပ်စုလေးစုခွဲကာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး သုံးမြွာပူးနှစ်စုံတို့အား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဆုများ ချီးမြှင့်ကြသည်။ **(ဝဲပုံ)** ပြိုင်ပွဲတွင် နှစ်မြွာပူးကိုးစုံနှင့် ပြိုင်ပွဲဝင် ကလေးပေါင်း ၈၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိရသည်။ **(၄ဝ၆)**

○ ကျော်ဖုံးမှ

တီအီးကား ၃၅၅ စီးကို နိုင်ငံခြားငွေ ကုန်ကျမှုသက်သာစေရန်အတွက် မီးသတ်ဦးစီးဌာနတွင်ပင် မီးသတ်ယာဉ်အဖြစ် အသွင်ပြောင်း အသုံးပြုခဲ့သည်။

အကူအညီပေး

ထို့အပြင် မီးသတ်ဦးစီးဌာန (ရုံးချုပ်) လေ့ကျင့်ရေးဌာနစု(ရန်ကုန်)၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၊ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းများနှင့် ပြည်ပနိုင်ငံများတွင် အဆင့်မြင့်လေ့ကျင့်မှုသင်တန်းများဖြင့် နိုင်ငံတော်၏ အရန်အင်အားအဖြစ် ပြည်သူများကို အကူအညီပေးရန် အသင့်ရှိစေခဲ့သည်။

ခြိမ်းခြောက်

ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ဒွန်တွဲပါလာသော အန္တရာယ်သည်ကား ဓာတုဗေဒဓာတ်ပြု ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ အထပ်မြင့်တိုက်ခန်းများနှင့် အလုံပိတ်အခန်းများဖြစ်ပြီး ၎င်းတို့သည် အများပြည်သူတို့၏အိုးအိမ်စည်းစိမ်တို့ကိုသာမက အသက်အန္တရာယ်ကိုပင် များစွာခြိမ်းခြောက်လျက်ရှိသည်။

ကယ်ဆယ်ငြိမ်းသတ်ရသောမီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဓာတုဗေဒပစ္စည်း မီးလောင်ခြင်းမှ ထွက်ပေါ်လာသော အဆိပ်ငွေ့အန္တရာယ်အပါအဝင် မီးခိုးလုံးများပေါက်ကွဲခြင်း၊ ဓာတုနည်းစနစ်ကျွမ်းကျင်စွာ အသုံးပြုနိုင်စေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနစိတ်ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်သည်။

ထို့အပြင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များအား ယနေ့ခေတ်၏ "အ"သုံးလုံးဖြစ်သော အင်တာနက်၊ အင်္ဂလိပ်စာနှင့် အိုင်တီပညာရပ်များကို လေ့လာဆည်းပူးစေခဲ့သည်။

မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်လျင်မြန်နိုင်ရေးအတွက် G.P.S စနစ် Vechiacle Tracking System များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများတွင် တပ်ဆင်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်နေပြီဖြစ်သည်။

ထိုစနစ်ကို အသုံးပြုနိုင်ခြင်းအားဖြင့် မီးသတ်ယာဉ်များ မီးလောင်ပြင်သို့ သွားရောက်ရမည့်လမ်းကြောင်းကို ချက်ချင်းသိနိုင်ခြင်း၊စခန်းအသီးသီးသတ်မှတ်ယာဉ်အုပ်စု ထွက်ခွာရာလမ်းကြောင်းကို သိမြင်နိုင်ခြင်း၊ ထိန်းချုပ်ကွပ်ကဲစီမံမှုပေးနိုင်ခြင်း၊ မီးလောင်ပြင် အနီးဝန်းကျင်ရှိ ရေရရှိနိုင်မည့်နေရာ၊ ရဲစခန်း၊ဆေးရုံ၊ လျှပ်စစ်ဌာနစသည့်ဆက်စပ်နေရာများနှင့် အလွယ်တကူဆက်သွယ်မှု ရရှိနိုင်ပြီး မီးငြိမ်းသတ်မှု မြန်ဆန်ထိရောက်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပေသည်။

"မီးဘေးရှောင်၊ မလောင်ခင်တား" ဟူသော စကားရပ်နှင့်အညီ မီးဘေးကာကွယ်ရေး၊ စစ်ဆေးရေးနှင့် အကြံပြုချက်များကို ထုတ်ပြန်ပေးနိုင်ခဲ့သည့်အပြင် ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲများကို ပြည်သူများအတွင်း ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသည်။

ဆီမီးလောင်ကျွမ်းမှုကို လက်တွေ့ငြိမ်းသတ်ပြသစဉ်။

မီးလောင်ပြင်သို့ ချက်ချင်းထွက်ခွာငြိမ်းသတ်နိုင်ရေးတွင်လည်း ဆီအသင့်၊ စက်အသင့်၊ လူအသင့်၊ ရေအသင့် အမြဲရှိနေစေပြီး မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ဟူသည့် လုပ်ငန်းလမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

မုန်တိုင်း၊လျှောင်နှင့်ပေါက်ကွဲမှုစသည့် ဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Search & Rescue Team) များကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များအလိုက် ဖွဲ့စည်းခဲ့ရာ အဖွဲ့ပေါင်း ၁၄၄ ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

အသင့်ရှိ

ယခုအခါ မြန်မာနိုင်ငံအမျိုးသား ရှာဖွေကယ်ဆယ်ရေးကော်မတီကိုလည်း ပြန်လည်ပြင်ဆင် ဖွဲ့စည်းပြီးဖြစ်ရာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီတွင် ပထမအုပ်စု၊ ဒုတိယအုပ်စု အုပ်စုတစ်ခုစီ၌ သန္ဓေ၊ အရန်၊ ကြက်ခြေနီ အင်အား ၅၀ ဖြင့် ရှာဖွေကယ်ဆယ်ရေးအင်အား ၇၂၀၀ တို့ကလည်း အသင့်ရှိနေကြပြီးဖြစ်သည်။

မော်တော်ယာဉ် မီးလောင်မှုကို လက်တွေ့ငြိမ်းသတ်ပြသစဉ်။

ပစ္စည်းများ ပေါက်ကွဲခြင်း၊ မီးလုံးလျှံထွက်ခြင်းတို့ကို ခေတ်မီအထောက်အကူပြု ပစ္စည်းကိရိယာတို့ဖြင့် အန္တရာယ်ကြိုတင်တားဆီးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်တပ်ဖွဲ့ဥပဒေနှင့်အညီ မီးဘေးကြိုတင်

အရှိန်အဟုန်မြင့်

လျင်မြန်သွက်လက်ပြီး အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်နိုင်ရေးအတွက် လိုအပ်သောပံ့ပိုးမှုအပိုင်းကို ဝန်ကြီးဌာနတို့နှင့်အတူ ပြည်တွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များကပါ ပါဝင်ဖြည့်ဆည်းပေးနိုင်ပါက အတိုင်းထက်အလွန် ပိုမိုပြည့်စုံသော အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံတော်၏အရန်အင်အားအဖြစ် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဝါသနာ၊ စေတနာ၊ အနစ်နာ၊ ကရုဏာ၊ အကြင်နာတည်းဟူသော နာငါးနာနှင့်အတူ အသက်ပေး၍ စွန့်လွှတ်စွန့်စားပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမီးသတ်တပ်ဖွဲ့အသွင်ဖြင့် စက္ကန့်မလပ် တာဝန်ထမ်းဆောင်လျက် ရှိနေပါကြောင်း တင်ပြရေးသားလိုက်ပါသည်။ ။

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

အမေ့ကျေးဇူးဆပ်ဖူးချင်တယ် မြန်မာဇာတ်ကားသစ် ရန်ကုန်မြို့လယ်ရုံများတွင် ထိပ်တိုက်မရှိ ရုံဝင်

ရန်ကုန် ဇန်နဝါရီ ၇

ယခုတစ်ပတ်အတွက် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများတွင် **အမေ့ကျေးဇူး ဆပ်ဖူးချင်တယ်** မြန်မာဇာတ်ကားသစ် ရုံဝင်လာသည်။

ခင်ဆိုင်(ကြောင်ကမ္ဘာ)၏ ဝတ္ထုကို ဇာတ်ညွှန်း မစန္ဒာက ရေးသားပြီး ဒါရိုက်တာ ခင်စောမျိုး(အဖေ့ပညာ)က ရိုက်ကူးထားသည်။ အိမ်ထောင်ရေးဇာတ်လမ်း၊ မိသားစုဇာတ်လမ်းကောင်းတစ်ပုဒ်ဖြစ်သည်။ ချစ်သူနှစ်ဦးတွင် ယောကျ်ားလေးက ချမ်းသာ၊ မိန်းကလေးက ဆင်းရဲ။ ထို့ကြောင့် ယောကျ်ားလေးမိဘများက သဘောမတူ။ သို့သော် ယောကျ်ားလေး

အမေ့ကျေးဇူး ဆပ်ဖူးချင်တယ် ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ကိုကိုမော်က သူ့ချစ်သူ အေးအေးမိုးကို ရအောင်ယူ။ အကျဉ်းချုံး လက်ထပ်။ ကိုကိုမော်၏မိဘများက သူတို့နှစ်ဦးကို ခွဲရန်ကြိုးစား။ နောက်ဆုံး သူတို့နှစ်ဦး ကွဲသွားပြီးနောက် အေးအေးမိုးတွင် သားယောကျ်ားလေးမွေးလာ။ ထိုအခါမှ အဘွားဖြစ်သူက မြေးကိုပြန်ရရန် ကြိုးစား. . . ။

ဤသို့လျှင် မိသားစု ဇာတ်လမ်းကို ဒါရိုက်တာက ပြေတီဦး၊ သက်မွန်မြင့်၊ အကယ်ဒမီနေအောင်နှင့် အကယ်ဒမီ မေသန်းနုတို့ကို အဓိက သရုပ်ဆောင်စေလျက် ရိုက်ကူးခဲ့သည်။

အောင်ပွဲခံ

အမေ့ကျေးဇူး ဆပ်ဖူးချင်တယ် ဇာတ်ကားမှာ သမ္မတ၊ သွင်၊ မင်္ဂလာ ရုပ်ရှင်ရုံများတွင် ပြသလျက်ရှိပြီး ရွှေ့ဆောင်ရုံတွင် **MISSION; Impossible-4** ဇာတ်ကား၊ ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် **The Twilight Saga;Breaking Dawn Part-1** ဇာတ်ကားတို့ အောင်ပွဲခံ ပြသလျက်ရှိရာ ယခုတစ်ပတ်အတွက် ရန်ကုန်ပရိသတ်များ ကြည့်ရှုနိုင်ရန် သတင်းအမြည်းအဖြစ် ရေးသားလိုက်ပါသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ပါ

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များဝင်/ထွက်သွားလာနိုင်အောင် လမ်းများ ပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊အုတ်ကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျဆောက်လုပ်ပါ။ အိမ်နံဘေးအဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျသုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

ထူးခြားသည့် ညအပူချိန်များ

၇-၁-၂၀၁၂

ပင်လောင်းမြို့
၅ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့
၆ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့
၆ ဒီဂရီစင်တီဂရိတ်
မိုးကုတ်မြို့
၆ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့
၇ ဒီဂရီစင်တီဂရိတ်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်္ဂလိပ်စကားပြောနှင့် ပစ္စည်းစီမံထိန်းသိမ်းရေး အခြေခံသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အင်္ဂလိပ်စကားပြောနှင့် အရေးအဖတ်သင်တန်းအမှတ်စဉ် (၉/၂၀၁၁)နှင့် ပစ္စည်းစီမံထိန်းသိမ်းရေးဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၁)ဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက သင်တန်းသားခေါင်းဆောင်များထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ကြသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အင်္ဂလိပ်စကားပြောနှင့် အရေးအဖတ်သင်တန်း အမှတ်စဉ် (၉/၂၀၁၁)နှင့် ပစ္စည်းစီမံထိန်းသိမ်းရေးဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲအခမ်းအနား၌ သင်တန်းထူးချွန်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား လှိုင်ကော်မြို့၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၇

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကယားပြည်နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် လှိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း နွယ်သာကီခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကာ ပညာရေးပြခန်းများကို ကြည့်ရှုအားပေးသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီတွင် လှိုင်ကော်မြို့ ကန္တရဝတီကျောက်သားရင်ပြင်၌ ကျင်းပသော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် လှိုင်ကော်မြို့ ပေါ်ရပ်ကွက်များရှိ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

နံနက် ၁၀ နာရီတွင် ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် စံပြမိခင်ရွေးချယ်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြည်နယ်လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးကိုးရယ်၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးသန်းကျော်စိုး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်ဦးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနဝန်ကြီး ဦးစိန်ဦးတို့ တက်ရောက်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး ဖတ်ကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**မာတိကာမာတာဝတ္ထုဉပမာပြ** တရားတော် (အောင်စကြာ ဆရာတော် အရှင်စန္ဒသိရီ)
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၀)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၃)
၈:၄၅	Show Room (ဟာသဇာတ်လမ်းတွဲ)
၉:၁၅	လူရွှင်တော် 5 Star အငြိမ့် (အပိုင်း-၂)
၁၀:၀၀	ရိုးရာမပျက်ဆင်ယင်နွဲ့ အရှေ့ပိုင်းရှမ်းရဲ့ ဗုဒ္ဓပူဇနီယပွဲ (အပိုင်း-၂)
၁၀:၂၅	အရသာမှာအကောင်းစား စင်ကာပူအသားပြား
၁၀:၃၅	သဒ္ဓါကြည်ဖြူကုသိုလ်ယူ ဖန်ခါးမြေမှသိမ်ကျောင်းအလှူ
၁၀:၅၅	ဘဝထဲကကဗျာ ကဗျာထဲကဘဝ (အမေ့နားကပ်ကလေး)
၁၁:၁၀	ရန်ကုန်မြင်ကွင်းကျယ် (TCL Opeaning Ceremony)
၁၁:၂၅	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **အမေ့ကျေးဇူးဆပ်ဖူးချင်တယ်**
၁၁:၅၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၈)
၁၂:၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဇီဝဖြည့်စွက်အစာ-ဘိုင်အိုဖီးဒ်)
၁:၀၀	**မာတိကာမာတာဝတ္ထုဉပမာပြ** တရားတော် (အောင်စကြာ ဆရာတော် အရှင်စန္ဒသိရီ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၃)
၃:၁၀	Regent Business Academy (Fashion Design & Marketing)
၃:၃၀	**MNL MYANMAR 2012 (Rakhapura United FC Vs Nay Pyi Taw FC) (LIVE)**
၅:၃၀	မန္တလေး(THS)စက်မှုအထက်တန်းကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ
၅:၄၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၅)
၆:၀၀	MRTV-4 သတင်း
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၁)
၇:၁၅	လူရွှင်တော် 5 Star အငြိမ့် (အပိုင်း-၃)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Four FLAVOURS Show
၁၁:၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၃၄)
၁၂:၁၅	Sunday Talk (ဒေါက်တာထွန်းလွင်၊ မျိုးမြတ်သူ)
၁၂:၃၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၉)
၁:၁၀	ဗီဒီယိုပြခန်း
၁:၃၀	ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
၁:၄၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၂:၀၅	ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၂:၁၅	သွားမယ်စားမယ် (Park Royal)
၂:၃၀	Land of Flowers
၃:၁၅	ဂဏန်းသင်္ချာပျော်စရာ
၃:၅၀	ဘာအခက်ဆုံးလဲ
၄:၁၀	အလှဆင်စရာပရိဘောဂကမ္ဘာ (ပစ်တိုင်းထောင်ပရိဘောဂ)
၄:၂၀	မြန်မာ့လက်မှုအနုလက်ရာစုံစွာ…
၄:၃၀	တန်ခိုးထွဋ်ခေါင်ရွှေနတ်တောင်
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၂၅	Man City-Man U	(Star Sports)
၉:၅၅	Peterborough-Sunderland	(Star Sports)

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ

ဖိုးသော်ဇင်

ရောဝတီအသင်းမှ ကျော်ဇေယျာမင်း မောရဝတီဘက်သို့ ဂိုးသွင်းနေစဉ်။

ရန်ကုန် ဇန်နဝါရီ ၇

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁)ကို ယနေ့ညနေ ၃ နာရီခွဲက စတင်ကျင်းပခဲ့ပါတယ်။

(ပဒုမ္မာကွင်း)

ရောဝတီယူနိုက်တက် - သုံးဂိုး။
မောရဝတီ - ဂိုးမရှိ။

အသင်းသစ် မောရဝတီအနေနဲ့ ရောဝတီကို ဘယ်လိုမှ မယှဉ်နိုင်ခဲ့ပါဘူး။ MNL ကစားဖူးတဲ့ကစားသမားတွေမပါဝင်တဲ့ မောရဝတီအသင်းကို ရောဝတီအသင်းက ခြေအသာနဲ့ ကစားပြီး ဂိုးပြတ်သွင်းယူခဲ့တာပါ။ အသင်းခေါင်းဆောင် သီဟစည်သူက လွဲရင် မင်းမင်းသူ၊ ဂျူပီတာ၊ ဂျွန်တို့နဲ့ ရောဝတီလူစုံပါဝင်ခဲ့ပါတယ်။

ရောဝတီအတွက် အနိုင်ဂိုးတွေကို ၃၄ မိနစ်မှာ ဂျူပီတာ၊ မိနစ် ၄၀ မှာ မင်းမင်းသူနဲ့ ၈၁ မိနစ်မှာ နိုင်နိုင်လင်းတို့က သွင်းယူခဲ့ပါတယ်။ပြီးခဲ့တဲ့ ၂၀၁၁ တုန်းက အမှတ်ပေးပွဲ ရှုံးပွဲမရှိစံချိန်တင်ထားတဲ့ ရောဝတီတို့ အဲဒီစံချိန်ကို ဆက်ထိန်းနိုင်ခဲ့ပါတယ်။

(YUSC ကွင်း)

ရန်ကုန်ယူနိုက်တက် - တစ်ဂိုး။
ဇေယျာရွှေမြေ - ဂိုးမရှိ။

ပွဲချိန် ၄၃ မိနစ်မှာ နောက်ခံလူအောင်သိုက်ရဲ့ ပြစ်ဒဏ်ဘော ကန်ချက်အနိုင်ဂိုးနဲ့ လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်တို့ ပွဲဦးထွက်မျက်နှာပန်းလှသွားပါတယ်။

ယနေ့ပွဲ

(ပဒုမ္မာကွင်း)
ချင်း - ကမ္ဘောဇ
(အောင်ဆန်းကွင်း)
မနောမြေ - မကွေး
(YUSC ကွင်း)
ရက္ခပူရ - နေပြည်တော်
(ဗထူးကွင်း)
ရတနာပုံ - Southern

(မြန်မာ့အလင်း)

ရေး ဇန်နဝါရီ ၇

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ရေးမြို့၌ လက်တွေ့သရုပ်ပြ

မွန်ပြည်နယ် ရေးမြို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး မီးငြှိမ်းသတ်မှု သရုပ်ပြသခြင်းကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် မြသီတာဈေးရှေ့၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းက မီးဘေးအန္တရာယ်နှင့် မီးငြှိမ်းသတ်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

လက်တွေ့သရုပ်ပြ

အဆိုပါသရုပ်ပြပွဲတွင် မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်း၊ မီးသတ်ကားများဖြင့် မီးငြှိမ်းသတ်ခြင်းလုပ်ငန်းများကို လက်တွေ့သရုပ်ပြသခဲ့ရာ မြို့နယ်စည်ပင်သာယာရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်မှ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖ၊ ဆိုင်ခန်းရှင်များနှင့် ဒေသခံပြည်သူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

နေမျိုးထွဋ်(ရေး)

ဂုဏ်ပြုဆုချီးမြှင့်

ဇန်နဝါရီ ၃ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ် (၃၂) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသော မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်း၌ ပထမရရှိသော မဖူးပွင့်သွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီလွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများ၌ ညအပူချိန်များလျော့နည်းမည်

နေပြည်တော် ဇန်နဝါရီ ၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက်လျော့နည်းနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဇန်နဝါရီ ၄ ရက်က (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မွေးစမှ ခြောက်လအထိ ပထမဆုရ မစုရတီထက်အား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သီသီရှိန် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄၄)

ပေးအပ်လှူဒါန်း

ဇန်နဝါရီ ၃ ရက်က သန်လျင် အထက(၁)၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲအတွက် ကျောင်းသားဟောင်း ဦးအောင်သန်းဦး-ဒေါ်အေးအေးမြင့်(ပင်လယ်ကိုးသွယ်ရောင်းဝယ်ရေးကုမ္ပဏီ)မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို ပူဇော်ပွဲကျင်းပရေးနာယက ဦးတင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၀၄၉)

ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ပေးမည့် အဖွဲ့အစည်းသစ်တစ်ခု (သို့မဟုတ်) အမျိုးသားအဆင့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်

မောင်မုဒိတာ

အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်

အများစုကစိမ်းနေဦးမည့် အမည်တစ်ခု။ ၁၆-၁၂-၂၀၁၁ ရက်နေ့က ပထမဆုံးအကြိမ်အစည်းအဝေးကျင်းပခဲ့ကြောင်း သတင်းများတွင် ဖတ်ရှုခဲ့ရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၄-၁၁-၂၀၁၁ ရက်စွဲနှင့် အမိန့်ကြော်ငြာစာ အမှတ်(၄၈/၂၀၁၁) ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်၏လိုအပ်ချက်အရ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပြည်တွင်း/ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ အားသွန်ခွန်စိုက် အကောင်အထည်ဖော်ပေးမည့် နိုင်ငံတော်အဖွဲ့အစည်း (National Institution)တစ်ခုပင် ဖြစ်သည်ဟု ဆိုရပါမည်။

အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၌ ဝန်ကြီးဌာနပေါင်းစုံပါဝင်၍ စုစုပေါင်းအင်အား ၂၃ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရသည်။

ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ်ဦးဆောင်လျက် ဤကော်မရှင်ကို အမျိုးသားလူဦးရေမူဝါဒရေးဆွဲရန်၊ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြုစုရန်၊ အိမ်ထောင်စုတစ်စုချင်းအပေါ်အခြေခံ၍ ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းပပျောက်စေမည့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု(Quality of Life) ဖော်ဆောင်ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ (International Conference on Population and Development)မှ ချမှတ်ထားသော အရေးပါသည့်ရည်မှန်းချက်များနှင့် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်၊ ကုလသမဂ္ဂ၊ ပြည်တွင်း/ပြည်ပ လူဦးရေဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၏ လူဦးရေဖြစ်စဉ်များကို ပြန်ပြောင်းလေ့လာကြည့်ပါက ကမ္ဘာ့နိုင်ငံများတွင် ၂၀ ရာစုနောက်ပိုင်း၌ လူဦးရေ လျင်မြန်စွာ တိုးပွားလျက်ရှိရာ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပိုမိုတိုးပွားလျက်ရှိသည်ကို တွေ့ရသည်။ ကမ္ဘာ့လူဦးရေသည် ၁၈ ရာစုနှောင်းပိုင်းကာလများက သန်းတစ်ထောင်သာရှိခဲ့ပြီး ၁၉၃၀ ခုနှစ်တွင် သန်းနှစ်ထောင်၊ ၁၉၆၀ ခုနှစ်တွင် သန်းသုံးထောင်၊ ၁၉၇၅ ခုနှစ်တွင် သန်းလေးထောင်၊ ၁၉၈၇ ခုနှစ်တွင် သန်းငါးထောင်၊ ၁၉၉၉ ခုနှစ်တွင် သန်းခြောက်ထောင်၊ ယခု ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် သန်းခုနစ်ထောင် အသီးသီးဖြစ်လာခဲ့သည်။ လူဦးရေ သန်းတစ်ထောင်မှ သန်းနှစ်ထောင်တိုးရန် နှစ် ၅၀ ကြာမြင့်ခဲ့ပြီး သန်းသုံးထောင်ဖြစ်ရန် နှစ်ပေါင်း ၃၀ သာကြာမြင့်ခဲ့သည်။ သန်းသုံးထောင်၊ သန်းလေးထောင်၊ သန်းငါးထောင်၊ သန်းခြောက်ထောင်၊ သန်းခုနစ်ထောင် အဆင့်ဆင့်ဖြစ်ရန် တစ်ဆင့်နှင့်တစ်ဆင့် ၁၀ နှစ်ကျော်သာ ကြာမြင့်ခဲ့သည်ကို တွေ့ရှိရသဖြင့် လျင်လျင်မြန်မြန်နှင့် တိုးပွားနေသည်ကတော့ အမှန်ပင်။

လူဦးရေတိုးပွားလာခြင်းနှင့်အတူ နိုင်ငံအများစုတွင် သာတူညီမျှမရှိခြင်း၊ ဆင်းရဲချမ်းသာကွာဟမှု ပိုမိုကြီးထွားခြင်း၊ စားနပ်ရိက္ခာမဖူလုံခြင်း၊ သောက်သုံးရေရှားပါးပြတ်လပ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ဖြစ်ပေါ်ကာ ဘေးအန္တရာယ်ဆိုးများဖြင့် ကြုံတွေ့နေရသည့်ဖြစ်စဉ်များ အများအပြားရှိလာပြီဖြစ်သည်။

ယင်းကဲ့သို့ လူဦးရေဆိုင်ရာပြဿနာများ ဖြေရှင်းဆောင်ရွက်နိုင်စေရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီး၏ စီးပွားရေးနှင့်လူမှုရေးကောင်စီက ၃-၁၀-၁၉၆၄ ရက်နေ့တွင် လူဦးရေကော်မရှင် (Population Commission) ကို အဖွဲ့ဝင် ၂၇ နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင် (Population and Development Commission) ဟု အမည်ပြောင်းလဲပြီး အဖွဲ့၏ ၄၇ နိုင်ငံဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ယင်းကော်မရှင်သည် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်ရှိ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီသို့ အကြံပြုတင်ပြရသည်။ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီတို့ပူးပေါင်း၍ ၁၉၉၄ ခုနှစ်တွင် ကျင်းပခဲ့သည့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို ယင်းကော်မရှင်က လေ့လာသုံးသပ်အကြံပြုခဲ့သည်။

လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးသည် ကမ္ဘာ့နိုင်ငံအားလုံးအတွက် အရေးပါသောအကြောင်းတစ်ရပ်ဖြစ်လာခဲ့သည်။ ကလေးမွေးဖွားနှုန်းများ ပြောင်းလဲခြင်း၊ သက်ကြီးရွယ်အိုအရေအတွက်များပြားလာခြင်း၊ ပြောင်းရွှေ့သွားလာခြင်းနှင့် မြို့ပြပြည့်ရွာများထွန်းကားခြင်း စသည်တို့ကြောင့် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ နေထိုင်ရေး၊ ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု စသည့်လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့လာကြသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအများစု၏ လွှတ်တော်များတွင်လည်း လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများဖွဲ့စည်း၍ လူမှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။

အာရှနိုင်ငံအများစုသည် မိသားစုအစုအဖွဲ့ကို လူဦးရေ၏ အခြေခံအကျဆုံးသော အဖွဲ့အစည်းအဖြစ်ရှုမြင်၍ မိသားစုဘဝကို အလေးထားကြသည်။ ထို့ကြောင့် အာရှဒေသတွင်း၌လည်း လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပါလီမန်အမတ်များ၏ အာရှဖိုရမ် (Asian Fourm of Parliamentarians on Population and Development-AFPPD) ကို ၁၉၈၁ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ ယင်းအဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရုံးစိုက်၍ အာရှဒေသတွင်း နိုင်ငံများနှင့်ချိတ်ဆက်ကာ လူဦးရေမူဝါဒချမှတ်ပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများကို ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ် နိုဝင်ဘာလအတွင်း (AFPPD) မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Shiv Khare မြန်မာနိုင်ငံသို့ လာရောက်၍ လွှတ်တော်ရှိတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းများအရ သိရှိရသည်။ ယခုအခါ လွှတ်တော်တွင်လည်း လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (Social Development Committee) ကို ဖွဲ့စည်းပြီးကြောင်း သိရသည်။ အစိုးရအဖွဲ့အစည်းအတွင်း၌လည်း တင်ပြပြီးဖြစ်သည့်အတိုင်း အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်၍ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။

ဤနေရာတွင် လူဦးရေမူဝါဒဆိုသည်ကို အနည်းငယ်ရှင်းလင်းလိုပါသည်။ လူဦးရေမူဝါဒဆိုသည်မှာ လူဦးရေကို အကျိုးသက်ရောက်စေနိုင်သည့် မွေးဖွားမှု၊ သေဆုံးမှု၊ ပြည်တွင်း ပြည်ပပြောင်းရွှေ့နေထိုင်မှု၊ ပထဝီဒေသအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှုတို့နှင့် ဆက်နွှယ်သည့် မူဝါဒများနှင့် လူမှုစီးပွားရေးဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များအားလုံးကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ လူဦးရေမူဝါဒကို ချမှတ်ရာတွင် နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့နှင့် တစ်သားတည်းဖြစ်သင့်ပြီး နိုင်ငံသားအားလုံး၏ လူနေမှုဘဝမြင့်မားစေရန် အဓိကဦးတည်လျက် နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်သည့် အနေတော်လူဦးရေ (Optimum Level) ကို သတ်မှတ်ရန်ဖြစ်သည်။ ဤနေရာတွင် မိမိနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေ၊ ပထဝီဒေသအလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု၊ မိမိနိုင်ငံ၏ လက်ရှိလူဦးရေ တိုးနှုန်း၊ မွေးနှုန်း၊ သေနှုန်း၊ ပြောင်းရွှေ့နေထိုင်မှု၊ မျှော်မှန်းသက်တမ်း၊ အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေသိပ်သည်းဆနှင့် ပျံ့နှံ့နေထိုင်ပုံ၊ အမျိုးသားလုံခြုံရေးအတွက် ကာကွယ်ရေးအင်အား လိုအပ်ချက်တို့အပေါ်မူတည် စဉ်းစား သုံးသပ်ရေးဆွဲရမည်ဖြစ်သည်။

နိုင်ငံတိုင်းအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာရှင် အတတ်ပညာရှင်များပေါ်ထွန်းလာရေးတို့အတွက် လူသည် မရှိမဖြစ်လိုအပ်သော်လည်း လူဦးရေများလွန်းလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ခြင်း၊ စားနပ်ရိက္ခာမလုံလောက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။ လူအင်အားနည်းလွန်းပါကလည်း နောက်ဆက်တွဲ ဆိုးကျိုးတရားများက များစွာ။ ထို့ကြောင့် နိုင်ငံတိုင်းတွင် နိုင်ငံ၏ အကျယ်အဝန်း၊ သယံဇာတ၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် ကိုက်ညီသည့် သင့်တင့်မျှတသော အနေတော်လူဦးရေ (Optimum Level) ရှိရန် လိုအပ်သည်။ ထို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုတည်ဆောက်ရာတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေး၊ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အဓိကအချက်များဖြစ်လာသည်။

နိုင်ငံတော်အစိုးရသစ်သည် စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်း နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များချမှတ်ကာ လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် အကောင်အထည်ဖော်မှုအဖြစ် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုကို လက်ရှိအခြေအနေမှ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် အမျိုးသားအဆင့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၏ လုပ်ငန်းစဉ်များကလည်း အဓိကအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ဤအမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်သည် သတ်မှတ်ထားသောလုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့အကျယ်အဝန်း၊ သဘာဝသယံဇာတအရင်းအမြစ်များနှင့်အချိုးညီသော လူဦးရေ အရွယ်အစား၊ ပုံသဏ္ဌာန်၊ ပျံ့နှံ့ပုံတို့ရရှိအောင် ဖော်ဆောင်ရမည်ဖြစ်သည်။ သင့်တော်သည့် အရွယ်အစားရှိ၍ အရည်အသွေးပြည့်ဝသော မိသားစုများဖြစ်စေရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် သက်ရှည်ကျန်းမာ၍ မျှော်မှန်းသက်တမ်းများ မြင့်မားလာစေရေးအပြင် ဆင်းရဲနွမ်းပါးမှုလျော့ကျကာ မိသားစုတစ်စုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို တစ်တပ်တစ်အား ပံ့ပိုးဖော်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၏ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များသည် ယခင်က ကြားခဲ့ရသည့် နဂါးနီသီချင်းထဲက ကဲ့သို့ပင် ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ၊ ဘေးရန်ကာဆီးမည်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချ၍ ကျေးလက်နေပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်သဖြင့် ခေတ်သစ်နဂါးနီအဖြစ် တင်စားကာ မုဒိတာပွားမိပါသည်။ ကော်မရှင်၏ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းရေးသားအပ်ပါသည်။ ။

ယာဉ်သုံးစီးတိုက်မှု ဗဟန်းမြို့နယ်၌ဖြစ်ပွား ခရီးသည်သုံးဦး ထိခိုက်ဒဏ်ရာရရှိ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းပေါ်တွင် ဇန်နဝါရီ ၆ ရက်က ယာဉ်သုံးစီးတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်အမှတ် ၂ဂ/. . . သည် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းအတိုင်း မောင်းနှင်လာပြီးနောက် ယာဉ်လိုင်း (၁၆၇) မှ ယာဉ်အမှတ် ထ/. . . နှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂ဂ/. . . ယာဉ်သည် မူကြိုကျောင်းအနီးတွင် ရပ်ထားသော ၈ဂ/. . . အား ဆက်လက်၍ တိုက်မိခဲ့သည်။ **(ယာပုံ)**

ပို့ဆောင်ပေးခဲ့

အဆိုပါ ယာဉ်တိုက်မှုကြောင့် ခရီးသည်သုံးဦး အနည်းငယ် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ဆေးဝါးကုသရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

(၁၅၅)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေးစီမံထားရှိရန်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၂၆ ရက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြောပွဲ ကျင်းပရာ အရှေ့ပိုင်းခရိုင် ရဲမှူး(ဦးစီး) ရဲမှူးနေဝင်း ဟောပြောဆွေးနွေးစဉ်။ (မြန်မာ့အလင်း)

ကွန်ပျူတာနှင့်ရုံးလုပ်ငန်းအခြေခံသင်တန်းဖွင့်

မန္တလေး ဇန်နဝါရီ ၇

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းအမှတ်စဉ် (၃၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အောင်ဘာလေသိန်းဆုခွန်ဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးအောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ခရိုင်ဦးစီးမှူးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကာလကို ရက်သတ္တပါးပတ်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (၀၄၀)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု ကျောက်မဲမြို့နယ် ခတ္တာလမ်း ကတ္တရာခင်းလမ်းဖွင့်

ကျောက်မဲ ဇန်နဝါရီ ၇

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အမှတ်(၉) ရပ်ကွက်အတွင်းရှိ အရှည် ပေ ၃၈၀၊ အကျယ် ၁၂ ပေရှိ ခတ္တာလမ်းကို ကတ္တရာလမ်းအဖြစ် အဖွဲ့ရန်ပုံငွေကျပ် ၅၈၆၀၀၀၀ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ရာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက မုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထိုက်၊ ကျောက်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လွတ်လပ်ရေးနေ့ အခမ်းအနား တောင်ငူမြို့နယ်၌ ကျင်းပ

တောင်ငူ ဇန်နဝါရီ ၇

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က တောင်ငူမြို့နယ် အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးလှမင်းထွဋ်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ (၁၂၃)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ဒလမြို့၌ကျင်းပ

ဒလ ဇန်နဝါရီ ၇

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကို ဒလမြို့ သီရိဇေယျနေဝ်ရထာခန်းမ၌ ဇန်နဝါရီ ၂ ရက် ညနေ ၄ နာရီက ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ပြောကြားသည်။

ထို့နောက် စစ်တုရင်ပြိုင်ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဖွင့်လှစ်ပေးပြီးနောက် ရပ်ကွက်ပေါင်းစုံမှ ပြိုင်ပွဲဝင်များ စတင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၁၅၁)

(၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့်ရင်သွေးငယ်အလှပြိုင်ပွဲ မြောင်းမြ၌ကျင်းပ

မြောင်းမြ ဇန်နဝါရီ ၇

(၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြောင်းမြခရိုင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသည့် သားကောင်းမိခင်နှင့် ရင်သွေးငယ် အလှပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပရာ မြောင်းမြခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာထွန်းက ဆုရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆုများပေးအပ်

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ အမြွှာရင်သွေးငယ်များကို အလှူရှင် ဦးယုထော်ကလည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယဆုရကလေးများကို မြောင်းမြခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သူဇာထွန်းနှင့် မြို့နယ် မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းစန်းတို့ကလည်းကောင်း **(အပေါ်ပုံ)**၊ အထူးဆုနှင့် နှစ်သိမ့်ဆုများကို အသင်းမှတာဝန်ရှိသူများကလည်းကောင်း ဆုများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရမည်းသင်းမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း ဇန်နဝါရီ ၇

ရမည်းသင်းမြို့နယ် အင်ကြင်ကန်ကျေးရွာအုပ်စု လုပ်သားစိုက်ထုတ် သမဝါယမ အသင်းတွင် ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲက သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းနှင့် သမဝါယမဖွံ့ဖြိုးမှုဌာနစုမှ လုပ်ငန်းစစ်အဖွဲ့သည် အသင်းသားများ နှင့်တွေ့ဆုံခဲ့ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမအသင်းကြီးမှ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြီး အသင်းဥက္ကဋ္ဌ ဦးထွန်းအောင်က အသင်းသားများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကာ အသင်းသားများအား လက်တွေ့စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သည့် စပါးခင်းများကို လိုက်လံပြသခဲ့သည်။

ထို့နောက် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် လုပ်ငန်းစစ်အဖွဲ့သည် အင်ကြင်ကန်အုပ်စုရှိ ရွှေကံမိုး လယ်/ထွေ သမဝါယမအသင်းက လုပ်ငန်းဆောင်ရွက်နေသည့် ချေးငွေလုပ်ငန်းများ၊ အသင်းကဖွင့်လှစ်ရောင်းချသည့် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ (၄၁၆)

ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ ရွှေကျင်၌ကျင်းပ

ရွှေကျင် ဇန်နဝါရီ ၇

ပဲခူးခရိုင် ရွှေကျင်မြို့နယ်တွင် ဒီဇင်ဘာ ၃၁ ရက်က ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲကို ရှမ်း/ကြေး ရပ်ကွက် ညဈေးလမ်း လွတ်လပ်ရေးကျောက်တိုင်မှ ရွှေကျင်-မဒေါက်စစ်တောင်းတံတားအထိ အသွား၊ အပြန် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုပေါင်းလမ်းလျှောက်ကြပြီး ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။ ထို့နောက် လမ်းလျှောက်ပွဲပါဝင်ဆင်နွှဲခဲ့ကြသူများအား TV ၊ EVD ၊ ပန်ကာနှင့် အခြားလူသုံးကုန်ပစ္စည်းများ ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရှိရသည်။ (၀၀၁)

သာယာဝတီမြို့နယ်၌ နှမ်းပါး စိုက်ပျိုးရန်ပြင်ဆင်

သာယာဝတီ ဇန်နဝါရီ ၇

သာယာဝတီမြို့နယ် စခန်းကြီး ကျေးရွာအုပ်စု၊ ကြို့ကုန်းကျေးရွာအုပ်စုနှင့် မကျီးကွင်းကျေးရွာအုပ်စုတို့တွင် ယခုအခါ နှမ်းပါးစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိရာ နှမ်းပါးစိုက်ပျိုးနေကြသည့် တောင်သူများအား သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးလှမျိုးနှင့် ခရိုင်စိုက်ပျိုး ညှိနှိုင်းမှုအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၆ ရက်က တွေ့ဆုံ၍ နှမ်းပါး နှစ်သီး၊ သုံးသီးကို သတ်မှတ်ချိန်အတွင်း အပြီးစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် နှမ်းပါးကို သိပ္ပံနည်းကျ(၁၄)ချက်နှင့်အညီ ကြိုးစားစိုက်ပျိုးကြရန်နှင့် အလေအလွင့်နည်းအောင် နှမ်းပါးကို တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းချိန်တွင်လည်း ရိတ်သိမ်းကြရန် ဆွေးနွေးပြောကြားခဲ့သည်။

စိုက်ပျိုးရန်ထွန်ယက်

ထို့နောက် သာယာဝတီမြို့နယ် မြောက်ပန်းဆွဲကျေးရွာအုပ်စုမှ နှမ်းပါးစိုက်ပျိုးရန် ထွန်ယက်ခြင်းကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ငရုတ်သီးညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းရှင့်-

အနောက်မြင်းပြိုင်ကွင်းလမ်း တာမွေအဝိုင်းထိပ်ရှိ ဒံပေါက်ဆိုင်တစ်ဆိုင်မှ ငရုတ်သီးကြော်၊ ကြက်သွန်ကြော်အနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူ

သစ်စက်သံဆူညံလွန်းသည့်ကိစ္စ ကြပ်မတ်ပြီးဖြစ်

၂၈-၁၂-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပေါင်းလောင်း(၁)ရပ်ကွက် ၉ လမ်းအတွင်းရှိ သစ်ခွဲစက် (သစ်အချောထည်စက်)သည် အချိန်ပြည့် သစ်ခွဲစိတ်နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံနိုင်အောင် ဆူညံလွန်းသည့်ကိစ္စ** အပေါ် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ စစ်ဆေး ကြပ်မတ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(သစ်တောဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်)

ပုံကျဈေးသည်များအား ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

၈-၁၂-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးဈေးကြီးအတွင်းရှိ ပုံကျဈေးဆိုင်များ လမ်းများပေါ် ကျူးကျော်ပိတ်ဆို့ခင်းကျင်းရောင်းချနေ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ (မီးသတ်ဦးစီးဌာန)

မှခင်းသတင်း

လှိုင်သာယာမြို့နယ် ပုသိမ်-ရန်ကုန် လမ်းမဘေးရှိ စက်သုံးဆီဆိုင်အား တီအီးကားဝင်တိုက်

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပုသိမ်-ရန်ကုန်လမ်းမ ဘီအိုစီမှတ်တိုင်နှင့် တိုးချဲ့မှတ်တိုင်ကြားတွင် ဇန်နဝါရီ ၂ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က တီအီးကား တစ်စီး လမ်းဘေးစက်သုံးဆီဆိုင်ကို ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ပုသိမ်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော တီအီးကားသည် ဘီအိုစီမှတ်တိုင်နှင့် တိုးချဲ့မှတ်တိုင်ကြားရှိ ရောဝတီတည်းခိုခန်းရှေ့အရောက်တွင် မျက်နှာချင်းဆိုင်မှ ကားကို ရှောင်တိမ်းရာမှ လမ်းဘေး စက်သုံးဆီဆိုင်ကို တိုက်မိပြီး ရပ်တန့်သွားသည်။

အရေးယူဆောင်ရွက်

အဆိုပါယာဉ်တိုက်မှုနှင့်စပ်လျဉ်း၍ ယာဉ်မောင်းအား သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၆၄)

အရန်ဆန်ဝယ်ယူမည့်ကိစ္စ စေတနာထားပြီး ချက်ချင်းအကောင်အထည်ဖော် စပါးနှင့် ပတ်သက်သော အများပိုင်ကုမ္ပဏီ ဖွဲ့စည်းဆောင်ရွက်သွားမည် ကော်မတီများဖွဲ့၍ တောင်သူလယ်သမားများအကျိုးကို ရှေးရှုလုပ်ဆောင်

နေပြည်တော် ဇန်နဝါရီ ၇

အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီ (Rice Reserve Supervision Committee) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆန်စပါးကို နိုင်ငံတော်က ခေတ်အဆက်ဆက် ကိုင်တွယ်ဆောင်ရွက်ခဲ့ရာက ၂၀၀၃ ခုနှစ် ဧပြီ ၂၄ ရက်မှစ၍ ပုဂ္ဂလိကများအား လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိရေးတို့အတွက် နိုင်ငံတော်အနေဖြင့် မပြတ်ပံ့ပိုးပေးလျက်ရှိကြောင်း၊ ယခု အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီကိုဖွဲ့စည်းပြီး နယ်မြေဒေသအလိုက် စိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိစေမည့် ဈေးနှုန်းနှင့် စပါးဝယ်ယူသွားရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းလိုက်သည့် ကြီးကြပ်မှုကော်မတီအနေဖြင့် ထပ်မံဖွဲ့စည်းသင့်သည့် ဆပ်ကော်မတီများဖွဲ့စည်းပြီး ဝယ်ယူရေးအပိုင်း၊ သိုလှောင်ရေးအပိုင်း၊ အရည်အသွေးအပိုင်း၊ ငွေရေးကြေးရေးအပိုင်းများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန်နှင့် အားလုံးညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယခု အရန်ဆန်ဝယ်ယူမည့်ကိစ္စကို စေတနာထားပြီး ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆက်လက်၍ စပါးနှင့်ပတ်သက်သော အများပိုင်ကုမ္ပဏီ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပါဝင်ဆွေးနွေး

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်က ယနေ့အစည်းအဝေးသည် တောင်သူလယ်သမားများအတွက် အကျိုးရှိသော အစည်းအဝေးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ထုတ်ကုန်သီးနှံများ ရသင့်ရထိုက်သော ဈေးနှုန်းရရှိစေလိုကြောင်း၊ ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင်လည်း တောင်သူများအတွက် ဆွေးနွေးပေးလျက်ရှိကြောင်း၊ ကော်မတီများဖွဲ့၍ တောင်သူလယ်သမားများ အကျိုးကိုရှေးရှုပြီး လုပ်ဆောင်စေလိုကြောင်း ဆွေးနွေးပြောကြားကာ ဒုတိယဝန်ကြီးများ၊ အသင်းဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးချစ်ခိုင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေး (ဥက္ကဋ္ဌ၊ ဗဟိုသမဝါယမအသင်း)နှင့် အတွင်းရေးမှူး ဦးအောင်သန်းဦး (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း)တို့ပါဝင်သော အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီကို အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူ့အတွက် အသက်ပေး၍ ကူညီနေသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

ဆောင်းပါး – ရဲဗလကိုကိုလှိုင်၊ ဓာတ်ပုံ – တင်ဝင်းလေး(ကြည့်မြင်တိုင်)

နေပြည်တော် ဇန်နဝါရီ ၇

ယနေ့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်အတွင်း လူနေအိမ်ခြေ၊ တိုက်တာအဆောက်အအုံများ၊ စက်ရုံအလုပ်ရုံ ကုန်ထုတ်စီးပွားအဆောက်အအုံများလည်း ပိုမိုတိုးပွားစည်ပင်လျက်ရှိသည်။

ယနေ့ကာလတွင် ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်တို့ကလည်း အချိန်ရာသီမရွေး ဖြစ်ပေါ်လျက်ရှိသည်။ ဤကဲ့သို့သော ဘေးအန္တရာယ်တို့အား ပြည်သူတို့နှင့်အတူလက်တွဲ၍ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်က အင်အားတိုးချဲ့ဖွဲ့စည်းခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မီးသတ်စခန်းများကိုလည်း အဆင့်မြှင့် ပြောင်းလဲတိုးချဲ့တည်ဆောက်ခဲ့ရာ နိုင်ငံတော်တစ်ဝန်း မီးသတ်စခန်းပေါင်း ၆၇၇ ခုအထိ ရှိလာခဲ့ပြီးဖြစ်သည်။ မီးသတ်ယာဉ်/စက် စုစုပေါင်း ၁၉၈၁ စီးတွင် ***စာမျက်နှာ ၇ ကော်လံ ၃***

လူနေတဲများတည်ဆောက်၍ မီးလောင်မှုကိုပြည်သူများက ဤသို့ လက်တွေ့ငြိမ်းသတ်သရုပ်ပြခဲ့ကြသည်။

➤ မောင်မောင်မြင့်ဆွေ – ရေးသားသည် ➤



အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ် ကြိုးကြာနီတို့ အိမ်ကွင်း၌ ငါးဂိုးသွင်းပြီး နိုင်ပွဲရ

လန်ဒန် ဇန်နဝါရီ ၇

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ တတိယအဆင့်ပွဲများကို ဇန်နဝါရီ ၇ ရက်က ယှဉ်ပြိုင်ကစားရာ လီဗာပူးနှင့် အိုလ်ဟမ်းအက်သလက်တစ်တို့ပွဲတွင် လီဗာပူးက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကြိုးကြာနီတို့ အောင်ပွဲခံခဲ့ကြသည်။

လီဗာပူးတို့ အိမ်ကွင်း၌ ကစားရသော်လည်း ဧည့်သည် အိုလ်ဟမ်းအက်သလက်တစ်တို့၏ ဦးဆောင်ဂိုးသွင်းယူမှုကို ခံခဲ့ရသည်။ ယင်းဦးဆောင်ဂိုးကို အိုလ်ဟမ်းအသင်းမှ ဆမ်ပဆင်က ပွဲချိန် ၂၅ မိနစ်၌ သွင်းယူခဲ့ခြင်းဖြစ်သည်။

အိမ်ကွင်း၌ ဦးဆောင်ဂိုးအသွင်းခံလိုက်ရသဖြင့် လီဗာပူးတို့ ချေပဂိုးရရှိရေး ကစားအားတင်ခဲ့ရာ ပွဲချိန် မိနစ် ၃၀ ၌ ဘယ်လာမီက ဂိုးသွင်းယူခဲ့သဖြင့် လီဗာပူးတို့ ချေပဂိုးရရှိခဲ့သည်။ ထို့နောက် ပထမပိုင်း ပွဲချိန်ပြည့်ခါနီး ၄၅ မိနစ်၌ လီဗာပူးတို့ ပယ်နယ်တီရရှိခဲ့ရာ ဂျရတ် **(အပေါ်ပုံ)** ကန်သွင်းယူခဲ့သဖြင့် ပထမပိုင်း ပွဲချိန်အပြီး လီဗာပူးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန်များအတွင်း လီဗာပူးတို့ အနိုင်ဂိုးများ သွင်းယူနိုင်ရေး ထိုးဖောက်ကစားခဲ့ရာ ၆၈ မိနစ်၌ ရှိလ်ဗေးက တစ်ဂိုး၊ ၈၉ မိနစ်၌ ကာရိုးကတစ်ဂိုးနှင့် မိနစ် ၉၀ ၌ ဒေါင်းနင်းက တစ်ဂိုး သွင်းယူခဲ့သဖြင့် လီဗာပူးတို့ ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ***စာမျက်နှာ ၆ ကော်လံ ၁***